# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 25 April 2023 ၁၁၀၇၆


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်

## မိမိတို့တာဝန်ကျရာဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များအား လောကကောင်းကျိုး သယ်ပိုးလိုသူများဖြစ်လာအောင် လေ့ကျင့်သင်ကြား

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**ကိုဗစ်ကပ်ရောဂါအလွန် အကယ်ဒမီဆုပေးပွဲ ဂုဏ်ယူစွာဆင်နွှဲ**

ဆောင်းပါး

စာမျက်နှာ » ၈



**တရုတ်နိုင်ငံက သရီးဒီ(သုံးဖက်မြင်) နည်းပညာသုံးစွဲ၍ လကမ္ဘာပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး လေ့လာမည်**

စာမျက်နှာ » ၁၃

**၂၀၂၃ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်**

စာမျက်နှာ » ၁၅

# မိုးကြိုကာလသဘာဝဘေး ကြိုတင်ပြင်ဆင် ထိခိုက်မှုသက်သာ

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုကြောင့်လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်ဟု ဧပြီလ ၁၉ ရက်နေ့က မိုးလေဝသဌာနက အသိပေးနှိုးဆော်ခဲ့သည်။

ထိုသို့အသိပေးပြီးနောက် ဧပြီလ ၂၀ ရက်နေ့ ည ၈ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လေပြင်းများတိုက်ခတ်ခဲ့ရာ လူနေအိမ်အချို့ပျက်စီးသော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ပေ။ ထိုနေ့ညတွင်ပင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာ၌လည်း လေပြင်းတိုက်ခတ်မှုအနည်းငယ်ရှိခဲ့သည်။ သို့သော် ဧပြီလ ၂၁ ရက်နေ့ ည ၆ နာရီ မိနစ် ၂၀ ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်ရှိ အောင်မြင်ကုန်းကျေးရွာ၌ နေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်း တစ်ခန်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် တံတားဦးကျေးရွာ၌ လူနေအိမ် ၇၇ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူ ၁၁၃ ဦး ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသူ ခြောက်ဦးရှိကြောင်း သိရသည်။

ထို့နောက် ဧပြီလ ၂၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် အခြားမြို့နယ်အချို့တွင်လည်း လေပြင်းများတိုက်ခတ်ခဲ့သည်။ အဆိုပါမြို့နယ်များအတွင်း၌ လေပြင်းများတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လျှပ်စစ်မီးတိုင်များ၊ စေတီတော်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ ယခုဖြစ်စဉ်များနှင့်ပတ်သက်၍ မိုးလေဝသမှ ကြိုတင်အသိပေးနှိုးဆော်ထားသည်မှန်သော်လည်း ဖြစ်ပွားချိန်မြန်ဆန်သဖြင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ မိုးကြိုကာလတွင် အလားတူဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားတတ်သဖြင့် ဤဖြစ်စဉ်များကို သင်ခန်းစာယူ၍ သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့နည်းသက်သာရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် နိုင်ငံ၏ရာသီဥတုနှင့်လူနေမှုအခြေအနေအရ မီးဘေး၊ ရေဘေး၊ ရေကြီးရေလျှံ၊ မြေပြို၊ တောင်ပြိုမှုအန္တရာယ်များနှင့် ကြုံတွေ့တတ်သောနိုင်ငံဖြစ်သည်။ ထို့အပြင် ရာသီအလိုက်ဖြစ်ပွားတတ်သော မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ ဆူနာမီနှင့် ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နိုင်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကြိုတင်မသိနိုင်သော ငလျင်အန္တရာယ်မှလွဲ၍ အခြားသောသဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို မိုးလေဝသမှ အချိန်နှင့်တစ်ပြေးညီ အသိပေးထုတ်ပြန်ချက်များကို အလေးထား၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှသာ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျော့ချနိုင်မည်ဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးအတွက် သဘာဝဘေးအသိပညာပေးလုပ်ငန်းများ၊ သင်တန်းဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ငလျင်ဘေးအပါအဝင် မုန်တိုင်းဘေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခန်း၊ ရေဘေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခန်းများကို ဆက်စပ်ဦးစီးဌာနများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ ယခုမိုးကြိုကာလတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ကာလများတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကြိုတင်မြော်တွေး၍ သဘာဝဘေးအန္တရာယ်မဖြစ်မီ၊ ဖြစ်ပွားစဉ်ကာလ၊ ဖြစ်ပြီးကာလများတွင် ဆောင်ရွက်ဖွယ်ရာ ကိစ္စအဝဝတို့ကို သက်ဆိုင်ရာဌာနများနှင့်အတူ ဒေသခံပြည်သူများ အတူပူးပေါင်းလက်တွဲပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြင့် သဘာဝဘေးထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှုတစ်မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှုလေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၅၃/၂၀၂၂ (မွန်)ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)၊ ၄၁/၂၀၂၂(ပဲခူး)နှင့် ၄၂/၂၀၂၂ (ပဲခူး) စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကြော်ငြာဘုတ်များတပ်ဆင်ရန် ဆက်သွယ်လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ၄၅ ပေ x ၁၅ ပေ ကြော်ငြာဘုတ်ကြီးများတွင် ကြော်ငြာတပ်ဆင်လိုပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန စီမံလုပ်ငန်းဌာနခွဲ (လုပ်ငန်းရေးရာ)သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၂၅၀၁၇၉၇၇၉ နှင့် ၀၉-၄၅၀၀၃၀၆၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကြေးမုံ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၄,၁၂၈ | ၁၂,၄၀၁,၀၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၂,၆၃၁ | ၃,၈၁၈,၃၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၉၉ | ၄၈၅,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၁၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၀၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၃၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၄.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၃.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၃.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✪ ရှေ့ဖုံးမှ

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ရည်ရွယ်ချက် ၅ ရပ်ဖြင့်တည်ထောင်ခဲ့ကြောင်း။

### ၁၄၀၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုကဲ့သို့ ရည်မှန်းချက်များသာမက နယ်စပ်ဒေသမှ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်ပေးနိုင်မည့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်ငယ်များ ပေါ်ပေါက်လာရေးရည်မှန်းပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါ သင်တန်းဆင်း စုစုပေါင်း ၁၄၀၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မောင်တို့မယ်တို့အားလုံးသည်လည်း မကြာခင်ကာလအတွင်း သင်တန်းဆင်းပြီး နိုင်ငံတော်အတွက် အားထားရမည့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး လက်ရှိပကတိအခြေအနေများနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ကာ နိုင်ငံတော်အတွက် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် လူမှုစီးပွားအခက်အခဲများ၊ နိုင်ငံရေးကိုအကြောင်းပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားကြသူ ပြည်တွင်း ပြည်ပအင်အားစုများ၏ အကြမ်းဖက်နှောင့်ယှက်မှုများစသည့် စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်ပြီး နိုင်ငံတော်ကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

❖ **မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသည့် မငြိမ်မသက်မှုများ၊ ဆူပူအကြမ်းဖက်မှုများသည် ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် မတရားရယူရန်ကြိုးပမ်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့်ဖြစ်သည်ကို မောင်တို့မယ်တို့ အားလုံးအသိပင်ဖြစ်**

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို မူဝါဒများ၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** (Keep Moving Forward to Achieve Our Goal)ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသား ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် **“တိုင်းပြည်သာယာဝပြောရေး”** နှင့် **“စားရေရိက္ခာဖူလုံရေး”**၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် **“စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး”** နှင့် **“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး”**တို့ကို ဦးတည်ချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

### ဦးစားပေးတည်ဆောက်

တိုင်းပြည်သာယာဝပြောရေးနှင့်ပတ်သက်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးတည်ဆောက်ပြီး စိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများနှင့်အတူ ပြည်သူအများအေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်စေရန်နှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ဦးတည်ချက်ထားပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မူလကတည်းကရှိပြီးဖြစ်သည့် မြေ၊ ရေ၊ သဘာဝ သယံဇာတ စသည့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းရာတွင် အခြေကျပြီးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အရည်အသွေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရမှုမှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သည်အထိ ကြိုးပမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါကလည်း သဘာဝပတ်ဝန်းကျင်ကို မူလအတိုင်းနှင့် ထိခိုက်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်မှသာ စဉ်ဆက်မပြတ်သည့် ဖွံ့ဖြိုးတိုးတက်သာယာဝပြောမှုကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စားရေရိက္ခာလုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုတွင် လူတိုင်း သန့်ရှင်းသည့်သောက်သုံးရေကို လုံလောက်စွာရရှိသုံးစွဲနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကို သင့်တင့်သောဈေးနှုန်းနှင့် လွယ်လွယ်ကူကူ လုံလုံလောက်လောက် ဝယ်ယူစားသုံးနိုင်မည်ဆိုပါက စားရေရိက္ခာ ပြည့်စုံလုံလောက်ပြီး လုံခြုံမှုရှိသည့်နိုင်ငံအဖြစ် မှတ်ယူနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းစားရေရိက္ခာဖူလုံမှု ရှိခဲ့သည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ပိုလျှံသည့်ထွက်ကုန်များကိုလည်း အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများကို တင်ပို့နိုင်ခဲ့သည့်အတွက် အဆိုပါအစဉ်အလာကို ထိန်းသိမ်းမြှင့်တင်ပြီး ပိုမိုတိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် မငြိမ်မသက်မှုများ၊ ဆူပူအကြမ်းဖက်မှုများသည် ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် မတရားရယူရန်ကြိုးပမ်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်သည်ကို မောင်တို့မယ်တို့ အားလုံးအသိပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏ အနာဂတ်ကို ဖော်ဆောင်မည့် ခေါင်းဆောင်များ ရွေးချယ်ခြင်းဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း၊ လွတ်လပ်ပြီး တရားမျှတမှုသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ယုံကြည်မှုရှိမည်ဖြစ်ပြီး ကောင်းမွန်သည့် နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာ မြင့်မားစေမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်ကရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့၏ အခွင့်အရေးများ၊ နစ်နာမှုများ၊ မိမိတို့ဒေသနှင့်ဆိုင်သည့် အရေးအရာများကို လွှတ်တော်များတွင် တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာကိုယ်စားပြုခွင့်ရရှိနိုင်ရေးအတွက် ရွေးကောက်ပွဲစနစ်ကို လက်ရှိကျင့်သုံးနေသည့် ဦးသူအနိုင်ယူ (FPTP)စနစ်အပြင် အချိုးကျကိုယ်စားပြု(PR) စနစ်ကိုလည်း ပေါင်းစပ်ကျင်းပနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်းစီ၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရန်အတွက် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှု စသည့် မတရားမှုများနှင့် ကင်းဝေးစေရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရန်၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုမှ ကင်းဝေးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တစ်တပ်တစ်အား ပူးပေါင်းပါဝင်**

မောင်တို့ မယ်တို့အနေဖြင့် ရွေးကောက်ပွဲ၏ အနှစ်သာရများကို ကောင်းစွာနားလည်သဘောပေါက်ပြီး လွတ်လပ်တရားမျှတသည့်၊ ပွင့်လင်းမြင်သာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ရောက်သည့်နေရာတွင် ကျရာကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လည်း မှာကြားလိုကြောင်း။

မောင်တို့ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစုပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန် လိုကြောင်း၊ ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်ကြောင်း၊ ထို့ပြင် လူငယ်လူရွယ် ကျောင်းသားကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများကိုသာ သင်ကြားပေးရမည်ဖြစ်ကြောင်း။

**ဖိတ်ခေါ်ကမ်းလှမ်းခဲ့**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် အဓိကလိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်တို့အနေဖြင့် တာဝန်ယူခဲ့သည့်ကာလအတွင်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့်ရလဒ်များ ရရှိနေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်တစ်ခုမှမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုထားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၂၂ ကြိမ် ထုတ်ပြန်ခဲ့ပြီး ၂၀၂၃ ခုနှစ်ကုန်သည်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကို စွန့်ခွာပြီး တွေ့ဆုံဆွေးနွေးခြင်းကတစ်ဆင့် မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သော NCA အတိုင်း ငြိမ်းချမ်းစွာလျှောက်လှမ်းကြမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်း



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား ကျောင်းသူများ ကိုယ်စား ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်မင်းခန့်လှိုင်က ဂါရဝပြုကျေးဇူးတင်စကားပြောကြားစဉ်။

ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**အဓိကအလေးထားဆောင်ရွက်နေ**

နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် မိမိတို့တာဝန်ယူနေသည့်ကာလတွင် ပညာရေးမြှင့်တင်မှုများကို အဓိကအလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြောင်းလဲလာသည့် ခေတ်အခြေအနေအရ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးသည်အထိ ပညာသင်ကြားနိုင်ဖို့ ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးရည်မှန်းချက်ဖြစ်ကြောင်း၊ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ အခြေခံရသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME များတွင် အထောက်အကူရရှိနိုင်စေရန် လာမည့် ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို Grade–10 မှ Grade– 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကျန်သည့် ခရိုင်များ၌ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မီးမောင်းထိုးပြနေ**

ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ဦးတည်ချက်ထားပြီးဆောင်ရွက်ရာတွင် ဆရာများ၏ အခန်းကဏ္ဍမှာ အရေးကြီးသည်ကို အမြဲသတိရှိကြရန်လိုကြောင်း၊ **“ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများကအစပြု”** ဆိုသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်မှာ ပညာရေးကဏ္ဍတွင် ဆရာများ၏ အရေးပါပုံကို မီးမောင်းထိုးပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်သည်လည်း မျိုးဆက်သစ်လူငယ်များ၏ လက်ထဲမှာပင်ရှိသည့်အတွက် ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂက ချမှတ်ထားသည့် ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးကပါကြောင်း။

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့** »»»

- **နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်**
- **လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင်မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်**
- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေးပါသည့်အတွက် မိမိတို့တာဝန်ယူနေသည့်ကာလတွင် ပညာရေးမြှင့်တင်မှုများကို အဓိကအလေးထားဆောင်ရွက်နေခြင်းဖြစ်**

»» စာမျက်နှာ ၄ မှ

ထို့ပြင် မိမိတို့တပည့် ကျောင်းသား ကျောင်းသူများကို ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရန်လည်းလိုကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူမှုရေးဦးတည်ချက်ထဲတွင် **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** ဆိုသည့်အချက်ကို ထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်ခြင်း၊ မတိုးတက်ခြင်းဆိုသည်ကို နိုင်ငံသားများ ကျန်းမာရေးနှင့် ပညာရေးအခြေအနေကို ကြည့်ပြီးအကဲဖြတ်နိုင်ကြောင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့် ကျန်းမာရေးအသိ မပြည့်စုံမှုတို့သည် ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများပင်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများကို ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကတစ်ဆင့် ကျန်းမာရေးအသိပညာများပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များကို အရည်အချင်းရှိသည့် ပညာတတ်များဖြစ်လာအောင်၊ အမှားအမှန်များကို ခွဲခြားဆင်ခြင်တွေးခေါ်နိုင်စွမ်းရှိလာအောင် သင်ကြားပေးရန် လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးရန်လိုအပ်သည်ကို အထူးမှာကြားလိုကြောင်း။

## ပွဲကိုင်ရှင်များဖြစ်အောင် ကြိုးပမ်း

မကြာခင်မှာ ကျောင်းသား ကျောင်းသူများကို စာပေသင်ကြားပေးသည့် ဆရာ ဆရာမများဖြစ်လာကြမည့် မောင်တို့ မယ်တို့အနေဖြင့် ပညာသင်ကြားရေးနယ်ပယ်တွင် **“အတတ်လည်းသင်၊ ပွဲပြင် ဆုံးမ၊ သိပွမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့”** ဆိုသည့် ဆရာ့ကျင့်ဝတ်များနှင့်အညီ အနာဂတ်သားကောင်းရတနာများ မွေးထုတ်ပေးနိုင်မည့် အာစရိယဂုဏ်မြောက် ပွဲကိုင်ရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန်လိုကြောင်း။

မဃဒေဝလင်္ကာသစ်တွင်ပါသည့် **“ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့”** ဆိုသည့် ဆရာ့တာဝန်နှင့်အညီ စာတော်၊ စာတတ်ရုံသာမက ယဉ်ကျေးလိမ္မာပြီး၊ အကျင့်စာရိတ္တကောင်းသည့် တပည့်များဖြစ်အောင် သွန်သင်ဆုံးမပေးကြရန်လည်း မှာကြားလိုကြောင်း၊ မိမိတို့၏ တပည့်၊ ကျောင်းသားကျောင်းသူများကိုလည်း **“ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်”** ဆိုသည့် လေ့လာသင်ယူစိတ်ပြင်းပြပြီး အသိပညာ၊ အတတ်ပညာပြည့်စုံကြွယ်ဝပြီး စိတ်ကောင်းစေတနာကောင်းရှိသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် အလေးထားပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အထူးအရေးကြီးကြောင်း၊ လွတ်လပ်ရေးရယူခဲ့စဉ်ကလည်း ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံးကို စုစည်းမှုကိုသက်သေပြပြီး ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်က အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားသားချင်းများဆိုသည့်စိတ်၊ မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက်အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသော မိသားစုများဆိုသည့် စိတ်ပင်ဖြစ်ကြောင်း၊ အဆိုပါ ပြည်ထောင်စုစိတ်ဓာတ်နှင့်ပင် မိမိတို့တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုနှင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ပင်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်နိုင်ရန်အတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ကြောင်း။



## နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိ

ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံတော်က မျှော်လင့်အားထားပြီး ပြုစုပျိုးထောင်ပေးထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိပြီး မိမိတို့တာဝန်ကျရာဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင်၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင်၊ ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်းယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာတရားများကို အပြန်အလှန်လေးစားတန်ဖိုးထားပြီး လောကကောင်းကျိုး သယ်ပိုးလိုသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန်မှာကြားလိုကြောင်း၊ တစ်ဖက်မှလည်း မိမိတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်နေသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဒေသအသီးသီးတွင်ရှိသည့် တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် **“တိုင်းပြည်သာယာဝပြောရေး”** နှင့် **“စားရေရိက္ခာဖူလုံရေး”**၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် **“စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး”** နှင့် **“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး”**တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာအခန်းကဏ္ဍမှ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ်ထားပြီးတိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့ သင်ကြားပေးရမည့် စာသင်ကျောင်းအသီးသီးရှိ ကျောင်းသား ကျောင်းသူလူငယ်များကို နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ်လူကောင်းလူတော်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြမည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားပြီး ပညာတတ်သည့် မျိုးဆက်နှင့်တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့သကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသားကျောင်းသူများကိုယ်စား ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ရခိုင်တိုင်းရင်းသား မောင်မင်းခန့်လှိုင်က ဂါရဝပြုကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ် သင်တန်းအမှတ်စဉ်(၅) ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်းအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်၍ အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တို့ တက်ရောက်ကြပြီး The Elders အဖွဲ့ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းနှင့်အတူ ဩစတြေးလျနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဟောင်း H.E. Mr. KIM Bong-Hyun နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး The Elders အဖွဲ့၏ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန့်နေ့ညပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Jasmine Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၁)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





ရန်ကုန် မေ ၂၄

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ကေတုမတီခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးသန်းဝင်း၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးစစ်အေးက သင်တန်းသားအရာရှိကြီးများသည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံအုပ်ချုပ်ရေး လုပ်ငန်းများကို လက်တွေ့တာဝန်ယူဆောင်ရွက်ကြရသူများဖြစ်၍ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရန်နှင့် နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်တို့ကို အထူးအလေးထားလိုက်နာရန်၊ သင်တန်းမှချမှတ်ထားသော စည်းကမ်းများအပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ထုတ်ပြန်ထားသော ဒေသန္တရ စည်းကမ်းများကို အထူးအလေးထားလိုက်နာကြရန် တိုက်တွန်းမှာကြားသည်။

**ရှစ်ပတ်ကြာမြင့်မည်**

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁)သို့ သင်တန်းသား ၂၄ ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် မေ ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motor Co., Ltd. မှ တင်သွင်းလာသော Star Charge အမျိုးအစား လျှပ်စစ်သုံးယာဉ် အိမ်သုံးအားသွင်းစက်(EV Charger) 7 KW အခု ၃၀ သည် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်ကပ်ရောဂါအလွန် အကယ်ဒမီဆုပေးပွဲ ဂုဏ်ယူစွာဆင်နွှဲ

## ရုပ်ရှင်ပရိသတ်တစ်ဦး

ရုပ်ရှင်လောကသားများ အလိုလား အတောင့်တဆုံးအရာမှာ အကယ်ဒမီခေါ် ရုပ်ရှင်ထူးချွန်ဆုဖြစ်သည်။ တစ်ခါဖူးမျှ ရယူဆွတ်ခူးနိုင်ခြင်းမရှိသေးသူများက အကယ်ဒမီကို တစ်ကြိမ်တစ်ခါမျှ ရယူဆွတ်ခူးချင်သည်။ ရယူဆွတ်ခူးဖူးသူများကလည်း အကြိမ်ကြိမ်အခါခါထပ်ဆင့် ရယူဆွတ်ခူးချင်ကြသည်။

အကယ်ဒမီဆုအများဆုံးဆုများရှင် ခုနစ်ထပ်ကွမ်းအကယ်ဒမီဆုရှင် ဦးညွန့်ဝင်းကြီးလည်း သက်ရှိထင်ရှားရှိနေသေးလျှင် အကယ်ဒမီဆုကို ရယူချင်ပါဦးမည်။ ထပ်ဆင့်အကယ်ဒမီဆုများရှင် ရန်အောင်နှင့် မို့မို့မြင့်အောင်တို့ကလည်း ထပ်မံရဦးမည်ဟုဆိုလျှင် ယူကြပါဦးမည်။ ရုပ်ရှင်လောကသားများအဖို့ အကယ်ဒမီရွှေစင်ရုပ်တုသည် အိမ်ဦးခန်းဝယ် အမြတ်တနိုးချိတ်ဆွဲပြသစရာ ဂုဏ်ယူဖွယ်ရာ ဘဝသမိုင်း၏ပြယုဂ်တစ်ခုဖြစ်သောကြောင့်ပင်။

သို့ရာတွင် ရုပ်ရှင်အကယ်ဒမီရွှေစင်ရုပ်တုသည် လိုချင်တိုင်းရကောင်းသောအရာ မဟုတ်။ သာမန်




၂၀၁၄-၂၀၁၅ ခုနှစ် အကယ်ဒမီဆုပေးပွဲအခမ်းအနားကျင်းပစဉ်။



ထက်ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်၊ ဖန်တီးနိုင်ပါမှ မျှော်မှန်းနိုင်မည်၊ ရယူဆွတ်ခူးနိုင်ပါမည်။ သို့အတွက် အကယ်ဒမီကို ရုပ်ရှင်ထူးချွန်ဆုဟု ခေါ်ဆိုရခြင်းဖြစ်သည်။

ထို့အပြင် အကယ်ဒမီသည် ထူးချွန်တိုင်းလည်း ရယူနိုင်မည်ဟု ကံသေကံမ ဆို၍မရပြန်။ ထူးချွန်တိုင်းလည်း ဆွတ်ခူးချင်မှ ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ဆန်ခါတင်အဆင့်တွင် ပါဝင်ခဲ့သော်ငြား အမှန်တကယ်အကယ်ဒမီဆုပေးပွဲတွင် လွဲချော်မှုများကလည်း အကြိမ်ကြိမ်။ တစ်ခေတ်တစ်ခါက ရုပ်ရှင်ပရိသတ်တို့၏အသည်းစွဲ ရုပ်ရှင်သရုပ်ဆောင် ကျော်ဆွေ (ဦး)ဆိုပါလျှင် ကွယ်လွန်သွားသည်အထိ အကယ်ဒမီရွှေစင်ရုပ်တုကို ကိုင်မြှောက်ခွင့်မရရှိခဲ့ချေ။ ရုပ်ရှင်သရုပ်ဆောင် ဇော်လင်း(ဦး)ဆိုပါမူ သူအလိုချင်ဆုံး အကယ်ဒမီဆုကို ကွယ်လွန်ပြီးမှသာ ဆွတ်ခူးရရှိခဲ့ရရှာသည်။ ၁၉၉၅ ခုနှစ်တွင် တိုက်ပွဲခေါ်သံရုပ်ရှင်ဇာတ်ကားနှင့် ၁၉၉၆ ခုနှစ်တွင် ပန်းသခင်ဇာတ်ကားတို့ဖြင့် အမျိုးသားဇာတ်ပို့ဆုများ ရယူဆွတ်ခူးနိုင်ခဲ့သည်ကို သက်ရှိထင်ရှားဘဝဖြင့် မသိလိုက်ခဲ့ရရှာပေ။ ထို့ကြောင့် အကယ်ဒမီကို နတ်ကြီးသည်ဟု အများကဆိုကြခြင်းဖြစ်သည်။

ရုပ်ရှင်လောကသားများ မျှော်လင့်တောင့်တဆုံးနှင့် ရုပ်ရှင်ချစ်ပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲကို ၁၉၅၂ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် အကောင်းဆုံးဇာတ်ကားဆု(ပ၊ ဒု၊ တ)၊ အကောင်းဆုံးအမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံးအမျိုးသမီးပညာသည်ဆု ဟူ၍ ရုပ်ရှင်ထူးချွန်ဆုသုံးမျိုးသာ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာထူးချွန်ဆုကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဇာတ်ကားထူးချွန်ဆုကို ပထမ၊ ဒုတိယ၊ တတိယ ဆုဟူ၍ မခွဲခြားတော့ဘဲ အကောင်းဆုံး ဇာတ်ကားတစ်ဆုတည်းကိုသာ ရွှေကိန္နရီရုပ် ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုတစ်ဆုကိုပါ ထပ်မံတိုးမြှင့်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုးတံဆိပ်မှတစ်ပြေးညီ ရွှေကိန္နရီ ရွှေစင်ရုပ်သို့ စတင်ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆုများကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆုဟူ၍ ထပ်မံခွဲခြားကာ ထူးချွန်ဆုအရေအတွက်ကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှစ၍ နောက်ပိုင်းကာလများတွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆု၊ ရုပ်ရှင်တည်းဖြတ်ဆု၊ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုစသည်ဖြင့် တိုးမြှင့်ချီးမြှင့်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်မှ မျက်မှောက်ကာလအတွင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို အများဆုံးဆွတ်ခူးရရှိခဲ့သူမှာ ရုပ်ရှင်သရုပ်ဆောင်ညွန့်ဝင်း(ဦး)ဖြစ်သည်။ ခုနစ်ထပ်ကွမ်း အကယ်ဒမီဆုများရှင် ညွန့်ဝင်း(ဦး)သည် ၁၉၆၈ ခုနှစ်တွင် ဗန်တိုလူလေးနဲ့သူဇာ၊ ၁၉၇၁ ခုနှစ်တွင် ချစ်သူဝိုင်းဝိုင်းလည်၊ ၁၉၈၃ ခုနှစ်တွင် တတိယအရွယ်၏ ဒုတိယဝေဒနာဇာတ်ကားတို့ဖြင့် ဇာတ်ဆောင်ဆု၊ ၁၉၉၃ ခုနှစ်တွင် သီတာခုနစ်တန်၊ ၁၉၉၇ ခုနှစ်တွင် သူ့ကျွန်မခံပြီ၊ ၂၀၀၂ ခုနှစ်တွင် ဆန်ရေ၊ ၂၀၀၄ ခုနှစ်တွင် လျှို့ဝှက်သောနှင်း ဇာတ်ကားတို့တွင် ဇာတ်ပို့ဆုတို့ဖြင့် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုကို ခုနစ်ကြိမ်တိုင်တိုင်အများဆုံးဆွတ်ခူးရရှိခဲ့သည်။

ဒါရိုက်တာဦးသုခက ဩော်မိန်းမ(၁၉၅၄)၊ ဘဝသံသရာ(၁၉၅၆)၊ စကားပြောသော အသည်းနှလုံး(၁၉၆၈)၊ ကျမမှာမိန်းမသား(၁၉၇၀)၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင် (၁၉၇၃)၊ ရွှေခြည်ငွေခြည်တန်းပါလို့(၁၉၇၅) ဇာတ်ကားတို့ဖြင့်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ရန်အောင်က မယ်သီတာလိုမိန်းကလေး(၁၉၉၁)၊ ပုဂံမှာသာတဲ့လ(၁၉၉၅)၊ အလင်းဖျော့ကောင်းကင်(၁၉၉၆)၊ ညမင်းသား(၁၉၉၈)၊ မောဟမျဉ်းပြိုင်များ(၂၀၀၀)နှင့် ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ(၂၀၀၆) ဇာတ်ကားတို့ဖြင့်လည်းကောင်း ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုကို ခြောက်ကြိမ်တိုင်တိုင် ဆွတ်ခူးရရှိခဲ့ကြသည်။

ဒါရိုက်တာမောင်တင်ဦး၊ ဒါရိုက်တာကြည်စိုးထွန်း၊ ရုပ်ရှင်ဓာတ်ပုံပညာရှင်သန်းညွန့် (ပန်းသာ)၊ သရုပ်ဆောင်မြင့်မြင့်ခင်၊ ကျော်ဟိန်း၊ မေသန်းနုတို့က ငါးကြိမ်စီဆွတ်ခူးရရှိခဲ့ကြသည်။ ဝါရင့်ရုပ်ရှင်သရုပ်ဆောင်ကြီး ဒေါ်ကြည်ကြည်ဌေး၊ ချိုပြုံးနှင့် မို့မို့မြင့်အောင် တို့က လေးကြိမ်စီဖြင့် လေးထပ်ကွမ်း အကယ်ဒမီဆုများရှင်တို့ဖြစ်ကြသည်။

ထိုထိုသော အကယ်ဒမီဆုများရှင်တို့၏ ပြောင်မြောက်လှသော အနုပညာပုံရိပ်များသည် ခေတ်အလိုက်ရုပ်ရှင်ဝါသနာအိုး ပရိသတ်များအတွက် ယနေ့တိုင်မမေ့နိုင်ဖြစ်ရဆဲပင်။ ၁၉၇၉ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုရှင် အကယ်ဒမီကျော်ဟိန်း၊ အမျိုးသားဇာတ်ပို့ဆုရှင် အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ အမျိုးသမီးဇာတ်ပို့ဆုရှင် အကယ်ဒမီဒေါ်စိန်ခင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသော အကာကအချစ် အနှစ်ကမေတ္တာဇာတ်ကားဆိုပါလျှင် ရုပ်ရှင်ဝါသနာအိုးများကို ယနေ့တိုင် တီဗွီဖန်သားပြင်တွင် ဆွဲဆောင်ညို့ယူဖမ်းစားနေဆဲ။

ထို့အတူ ၁၉၈၅ ခုနှစ်တွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆုနှင့် ရုပ်ရှင်ဓာတ်ပုံဆုအပါအဝင် ရုပ်ရှင်ထူးချွန်ဆု သုံးဆုဆွတ်ခူးရယူနိုင်ခဲ့သည့် သကြၤန်မိုးရုပ်ရှင်ဇာတ်ကားဆိုလျှင်လည်း ယနေ့တိုင် နွေဦးတွင် ပိတောက်ဖူးတို့နှင့်အတူ ထွက်ပေါ်လာစမြဲ။ မြန်မာ့ရိုးရာသကြၤန်နှင့် သကြၤန်မိုးကခွဲခြား၍ပင် မရစကောင်း။ မြန်မာ့ရိုးရာခါသကြၤန်၏ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားတစ်ကားဟုပင်ဆိုရပါမည်။

ထိုထိုသော ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ၊ ထိုထိုသော အကယ်ဒမီဆုများရှင် အနုပညာရှင်၊ အတတ်ပညာရှင်တို့၏ ပုံရိပ်များကို ခေတ်အဆက်ဆက်မှသည် ယနေ့တိုင် ရုပ်ရှင်ဝါသနာအိုးများ တသသစွဲလမ်းနှစ်ခြိုက်ခဲ့ကြရသည်မှာ သူတို့၏ အနုပညာဝမ်းစာနှင့် ဖရော်ဖက်ရှင်နယ်ပီသသော အနုပညာဖန်တီးမှုများကြောင့်သာဖြစ်ပေသည်။

ထိုထိုသောအနုပညာရှင်များ ဘယ်ဘာသာကိုးကွယ်သည်၊ ဘယ်လိုနိုင်ငံရေး ခံယူချက်ရှိသည်၊ ဘာလူမျိုးဖြစ်သည်

စာမျက်နှာ ၉ သို့ ✦

❝ အကယ်ဒမီသည် ထူးချွန်တိုင်းလည်း ရယူနိုင်မည်ဟု ကံသေကံမ ဆို၍မရပြန်။ ထူးချွန်တိုင်းလည်း ဆွတ်ခူးချင်မှ ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ဆန်ခါတင်အဆင့်တွင် ပါဝင်ခဲ့သော်ငြား အမှန်တကယ် အကယ်ဒမီဆုပေးပွဲတွင် လွဲချော်မှုများကလည်း အကြိမ်ကြိမ်။ တစ်ခေတ်တစ်ခါက ရုပ်ရှင်ပရိသတ်တို့၏အသည်းစွဲ ရုပ်ရှင်သရုပ်ဆောင် ကျော်ဆွေ (ဦး)ဆိုပါလျှင် ကွယ်လွန်သွားသည်အထိ အကယ်ဒမီရွှေစင်ရုပ်တုကို ကိုင်မြှောက်ခွင့်မရရှိခဲ့ချေ။ ရုပ်ရှင်သရုပ်ဆောင် ဇော်လင်း(ဦး) ဆိုပါမူသူအလိုချင်ဆုံး အကယ်ဒမီဆုကို ကွယ်လွန်ပြီးမှသာ ဆွတ်ခူးရရှိခဲ့ရရှာသည်။ ၁၉၉၅ ခုနှစ်တွင် တိုက်ပွဲခေါ်သံရုပ်ရှင်ဇာတ်ကားနှင့် ၁၉၉၆ ခုနှစ်တွင် ပန်းသခင်ဇာတ်ကားတို့ဖြင့် အမျိုးသားဇာတ်ပို့ဆုများ ရယူဆွတ်ခူးနိုင်ခဲ့သည်ကို သက်ရှိထင်ရှားဘဝဖြင့် မသိလိုက်ခဲ့ရရှာပေ။ ထို့ကြောင့် အကယ်ဒမီကို နတ်ကြီးသည်ဟု အများကဆိုကြခြင်းဖြစ် ❞

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ထမ်းမိသားစုများ၏ သား သမီးများ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်





နေပြည်တော် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ၏ သား သမီးများကို ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ စာရိတ္တကောင်းမွန်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်နှင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများ၊ ရန်အောင်မြင်ကျောင်းတိုက် ယဉ်ကျေးလိမ္မာ ဓမ္မစာပေသင်တန်းမှ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုဝင်များ၏ သား သမီးများဖြစ်သည့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝန်ထမ်းသား သမီးများကို ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းကြောင့် ဗုဒ္ဓ၏ အဆုံးအမဖြင့် လွှမ်းခြုံကာ ယဉ်ကျေးသော မြန်မာ့လူ့အဖွဲ့အစည်း၏ သိမ်မွေ့သော လူနေမှုပုံစံများ ပျောက်ပျက်မသွားစေရန်အတွက် စာရိတ္တပညာရပ်၊ ပြည်သူ့နီတိပညာရပ်များကို အလေးထား သင်ကြားပေးသွားမည် ဖြစ်ပါကြောင်း။

တိုင်းပြည်အနာဂတ်၏ Human Resource ဖြစ်သည့် မျိုးဆက်သစ်လူငယ်မောင်မယ်လေးများကို လက်ဆင့်ကမ်း အမွေအနှစ်ပေးနိုင်ရန် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များအနေဖြင့် မိမိယဉ်ကျေးမှုထက် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး အတုယူ လမ်းမှားမလိုက်မိစေရန်လိုအပ်ပါကြောင်း၊ ခေတ်ပညာ တတ် လူငယ်များဖြစ်သည့်အတွက် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ကိုယ်ပိုင်ယဉ်ကျေးမှု မပပျောက်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန် အထူးမှာကြားလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

## ကြိုးစားသင်ယူ

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က သင်တန်းသားများအနေဖြင့် သင်တန်းနည်းပြများ ပို့ချပေးသည့် ဗုဒ္ဓဘာသာခြေခံ ယဉ်ကျေးလိမ္မာသင်ခန်းစာများကို စနစ်တကျ လေ့လာသင်ယူပြီး အမျိုးဘာသာ၊ သာသနာ ကြီးပွားတိုးတက်ရေးနှင့် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ရည်မှန်းပြီး ကြိုးစားသင်ယူ လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်နှင့် ဇနီးတို့က သင်တန်းသားများကို ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်ရိုးညွှန်းတမ်း စာအုပ်ခုနစ်မျိုး၊ ဗလာစာအုပ်နှင့် ရောင်စုံခဲတံများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် သင်တန်းနည်းပြ ဆရာမကြီးက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ ရေကြောင်းလူငယ် အခြေခံ / တန်းမြင့်သင်တန်းနှင့် အခြေခံလေကြောင်းလူငယ် သင်တန်းဖွင့်ပွဲ ကျင်းပ



မော်လမြိုင် မေ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် မော်လမြိုင်သင်တန်းစခန်း ရေကြောင်းလူငယ် အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

## တိုက်တွန်းမှာကြား

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း တစ်နိုင်ငံလုံးရှိ ကျောင်းသားကျောင်းသူ လူငယ်များကို ရေကြောင်းဆိုင်ရာပညာရပ်များ၊ လေကြောင်းဆိုင်ရာ ပညာရပ်များ ကျွမ်းကျင်တတ်မြောက်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သော စုပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ရရှိစေရေး၊ နိုင်ငံတော်၏ ရေကြောင်းစွမ်းအား၊ လေကြောင်းစွမ်းအားများနှင့် တပ်မတော်(ရေ)၊ တပ်မတော်(လေ)တို့အတွက် အနာဂတ်တွင် အင်အားသစ်များအဖြစ် အထောက်အကူဖြစ်စေရေး၊ နိုင်ငံတော်၏အနာဂတ်ခေါင်းဆောင်ယ်များ ဖြစ်လာကြမည့်မောင်တို့မယ်တို့ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ မူးယစ်ကင်းစင်ပြီး အရည်အချင်းပြည့်ဝစွာဖြင့် နိုင်ငံတော်၏ အရန်အင်အားများ ဖြစ်လာစေရန် ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးသည့် သင်တန်းဖြစ်ကြောင်းနှင့် အနာဂတ် ရေကြောင်းမျိုးဆက်သစ်၊ လေကြောင်းမျိုးဆက်သစ်လူငယ်များ ဖြစ်သည်နှင့်အညီ ကြိုးစားအားထုတ် ဆောင်ရွက်နေထိုင်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်အစိုးရအဖွဲ့က ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် သင်တန်းအတွက် တစ်ကိုယ်ရေသုံးပစ္စည်း ခြောက်မျိုး၊ ထောက်ပံ့ငွေကျပ် ၁၂၁၈၀၀၀၊ နှစ်ပတ်စာ စားသောက်စရိတ်ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်က ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် သင်တန်းအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၆၅ သိန်းကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ကြားပေးသွားမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာပြီး သင်တန်းသား သင်တန်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ရေကြောင်းလူငယ် ၈၀၊ လေကြောင်းလူငယ် ၄၀ ဖြင့် သင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✦ စာမျက်နှာ ၈ မှ

စသည်တို့ကား ရုပ်ရှင်ချစ်ပရိသတ်များအဖို့ အရေးမကြီး။ ရုပ်ရှင်ပိတ်ကားထက်သို့ ယူဆောင်လာရမည့် ကိစ္စလည်းမဟုတ်။ အရေးကြီးသည်မှာ ကျရာဇာတ်ညွှန်းဇာတ်ရုပ်တွင် ပရော်ဖက်ရှင်နယ်ပီသစွာ ဆေးစက်ကျရာ အရုပ်ထင်နိုင်ရေးသာဖြစ်သည်။

အမေရိကန် နိုင်ငံရေးလောကတွင်လည်း ရုပ်ရှင်၊ ဂီတအနုပညာရှင်များသည် ရွေးကောက်ပွဲအကြိုကာလများတွင် သူတို့သဘောကျနှစ်သက်ရာ ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကင်ပါတီတို့၏ မဲဆွယ်ပွဲများတွင် ရံဖန်ရံခါလိုက်ပါ မဲဆွယ်ပေးလေ့ရှိပါသည်။ သို့သော် မဲဆွယ်ကာလပြီးဆုံးသွားလျှင်မူ တစ်ခန်းရပ်သွားသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ပရော်ဖက်ရှင်နယ်လုပ်ငန်းအတွင်းသို့ သယ်ဆောင်လာခြင်းမရှိပေ။

အသက်အရွယ်ကလည်းရ၊ နိုင်ငံရေးပိုးဓာတ်အခံကလည်းရှိနေသူ အနုပညာရှင် အချို့သာလျှင် အနုပညာဇာတ်ခုံမှ နိုင်ငံရေးဇာတ်ခုံသို့အပြီးတိုင်ကူးပြောင်းသွားခဲ့ကြသည်။ ယင်းတို့အနက် ရုပ်ရှင်မင်းသားမှ အမေရိကန်သမ္မတဖြစ်လာသူ ရော်နယ်ရီဂင်နှင့် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် အာနိုးတို့မှာ ထင်ရှားခဲ့ကြသည်။

မည်သို့ဆိုစေ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ဟု ခံယူထားသူ အနုပညာရှင်များ၏ အဓိကဖရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းအလုပ်မှာမူ ရုပ်ရှင်သည် ပြည်သူအတွက်ဟု ခံယူပြီး ပြည်သူတို့၏ နွမ်းနယ်နေသော စိတ်နှလုံးကို ကြည်သာရွှင်ပြုံးစေရန်၊ ဘဝအမောတို့ကို တဒင်္ဂ ဖြေဖျောက်စေရန်၊ လူ့ဘုံခန်းဝါတွင် ဖြစ်ဖြစ်သမျှ ဖြစ်လေ့ဖြစ်ထရှိတတ်သော ဘဝသင်ခန်းစာတို့ကို မိမိတို့တတ်စွမ်းသည့် ရုပ်ရှင်အနုပညာ စွမ်းပကားဖြင့် ပညာပေးရန်၊ ဖျော်ဖြေပေးရန်သာဖြစ်ပါသည်။ ဤသည်ကပင် ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်တို့၏ အမွန်မြတ်ဆုံး ဂုဏ်ဒြပ်တစ်ခုသာဖြစ်ပေသည်။

အနုပညာဝမ်းစာ၊ အနုပညာစွမ်းပကားပြည့်ဝလာသည်နှင့်အမျှ ပရော်ဖက်ရှင်နယ် ပီသသော အနုပညာလောကသားများကို နိုင်ငံတော်နှင့်ပြည်သူတို့ကလည်း အစဉ်ထာဝရ အားပေးချီးမြှောက်လျက်ရှိသည်။

လက်ရှိနိုင်ငံတော်အစိုးရက ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် ၁၉၅၂ ခုနှစ် ကတည်းကစတင်၍ အစဉ်အလာကြီးမားစွာကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို နေပြည်တော်မြို့တော်ခန်းမအနီးရှိ လပဟာပြင်ကဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကား ထူးခြားလှသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မချီးမြှင့်နိုင်ခဲ့သည့် ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သောကြောင့်ပင်။ အကယ်ဒမီဆုရှင် အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း ရွှေငါးကျပ်သားရှိ အကယ်ဒမီရွှေစင်ရုပ်တုများကိုချီးမြှင့် ပေးအပ်သွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်း ၂၀၁၉-၂၀၂၀-၂၀၂၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာမည့် အကယ်ဒမီရရှိပြီးသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ရွှေအစစ်ဖြင့်ပြုလုပ်ထားသည့် အကယ်ဒမီပုံရွှေရင်ထိုးများကို အခမ်းအနားကျင်းပမည့် Red Carpet ရွှေစင်ထိုးအခန်းတွင် ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။

သို့ဆိုလျှင် မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသည် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ရုပ်ရှင်လောကသားများအတွက်သာမက ရုပ်ရှင်ချစ်ပရိသတ် ရုပ်ရှင်ဝါသနာအိုးများအတွက်ပါ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အခမ်းအနားတစ်ခုဖြစ်သလို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အခိုက်အတန့်အားဖြင့် ရုပ်ရှင်ပရိသတ်နှင့် အဆက်ပြတ်သွားခဲ့သော သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာ့ရုပ်ရှင်လောကကြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မောင်းနှင်အားတစ်ရပ်ဟု ရှုမြင်သုံးသပ်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ တက်ရောက်



**နေပြည်တော် မေ ၂၄**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတွင် လိုအပ်သည့် ပစ္စည်းများကိုသာ ထောက်ပံ့ပေးရန် အထူးမှာကြားလိုကြောင်း၊ ငွေပေးငွေယူကိစ္စများ အလွဲသုံးစားမှု မပြုလုပ်နိုင်အောင် အထူးကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထောက်ပံ့ပစ္စည်းများကို အသင်းသားတစ်ဦးချင်း လက်ဝယ်သို့ရောက်/မရောက် စိစစ်ရန်နှင့် သုံးစွဲရမည့် အခြေအနေတွင် အမှန်တကယ် သုံးစွဲရန် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း သင်ကြားပို့ချလိုက်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို အထူးအလေးအနက်ထား လေ့လာ မှတ်သားကြရန်နှင့် ကြိုးစားသင်ယူရရှိသော အတွေ့အကြုံကောင်းများကို မိမိတို့၏ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျ အမှန်တကယ် ကျင့်သုံးဆောင်ရွက်ကြရန် လွန်စွာအရေးကြီးပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သမဝါယမလုပ်ငန်းများကို အရှိန်အဟုန်မြင့်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရတို့က မြစိမ်းရောင်(သမဝါယမ) စီမံကိန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ရှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ သုံးခုတို့တွင် သမဝါယမကဏ္ဍအတွက် ငွေကျပ် ၁၂၃၅၃ ဒသမ ၇၀ သန်း အဆိုပြု လျာထားခဲ့ပြီး ငွေကျပ် ၈၉၀၅ ဒသမ ၀၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ငွေကျပ် ၃၄၄၈ ဒသမ ၆၆ သန်းကို လာမည့်ရာသီတွင် ကော်မတီအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်း ၂၄၉ ဦးနှင့် သမဝါယမအသင်းများမှ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်း ၂၁၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၆၄ ဦးဖြင့် မေ ၂၄ ရက်မှ ၂၅ ရက် အထိ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇ / ၂၀၂၄ )**

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၂၄ ရက် )

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ ရန်ကုန်-ပဲခူးလမ်းမကြီး၊ အမှတ် (၈၃) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** ၏ မှတ်ပုံတင်အမှတ်မှာ (၂) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




# ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲ ပြုလုပ်

**တောင်ကြီး မေ ၂၄**

၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်မှ နေပြည်တော် လူရည်ချွန် စခန်းသို့ သွားရောက်မည့် လူရည်ချွန် မောင်မယ်များ ဩဝါဒခံယူပွဲကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်း ကျောင်းဆောင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မိမိဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်**

အခမ်းအနားတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ဒေသန္တရ ဗဟုသုတများ ရရှိစေရန်၊ ပြည်နယ်/တိုင်းဒေသကြီးများမှ လာရောက်တွေ့ဆုံကြသည့် သူငယ်ချင်းမိတ်ဆွေများ ရင်းနှီးချစ်ကြည်စေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်သည့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲလာစေရန်၊ အများနှင့်အတူ သွားလာနေထိုင်ပြောဆိုတတ်သည့် အကျင့်စရိုက်ကောင်းများ ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူရည်ချွန်မောင်မယ်များကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်၊ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လူရည်ချွန်မောင်မယ်များမှ နောင်တစ်ချိန်တွင် ပခုံးပြောင်း တာဝန်ယူကြရမည့် နိုင်ငံတော်၏ အနာဂတ်ကြယ်ပွင့်များဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်တွင် မိမိဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်နိုင်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ဂုဏ်ပြုဆုငွေကျပ် ၈၅ သိန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နှင်းဝေက ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ လူရည်ချွန်မောင်မယ် ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# “ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများ” ဖိုရမ်တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့သို့ရောက်ရှိပြီး အဓိကရှုခင်းနေရာများ ကြည့်ရှုလေ့လာ

**မော်စကို မေ ၂၄**

“ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများ” ဖိုရမ်ကို ရုရှားနိုင်ငံ မော်စကိုမြို့တွင် စတင်ကျင်းပနေပြီဖြစ်သည်။ မေ ၂၂ ရက်က မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ ရောက်ရှိသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အကျိုးအမြတ်မယူသောကဏ္ဍမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် ပညာရှင်အသိုက်အဝန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူ့နှင့် ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာ အဖွဲ့ဝင်များ ပါဝင်ကြသည်။

အဆိုပါ ဖိုရမ်သည် ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ဖိုရမ်ဖြစ်သည်။ အဆိုပါပွဲကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ကော်မတီတို့၏ ပံ့ပိုးကူညီမှုဖြင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ဖိုရမ်၏ ရည်ရွယ်ချက်မှာ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား လူသားချင်းစာနာမှု၊ စီးပွားရေးနှင့် လူမှုရေး-နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံနှင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများနှင့် အလားအလာများကို ရင်းနှီးစေရန်ဖြစ်သည်။

အဆိုပါဖိုရမ်တွင် မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် မေ ၂၂ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်နှင့် အစိုးရအဖွဲ့အစည်းများထံ သွားရောက်ကာ ပညာရပ်ဆိုင်ရာနှင့် ကျွမ်းကျင်သူ အစည်းအဝေးများ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌများဖြစ်သော မစ္စတာ Alexander Ostrovsky နှင့် မစ္စတာ Vitaly Solonetskiy တို့က မော်စကိုမြို့၌ ရောက်ရှိနေကြသည့် မေ ၂၂ ရက်က ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ရုရှားမြို့တော်ဗဟိုတွင် ကိုယ်စားလှယ်အဖွဲ့ဝင်များအတွက် ယဉ်ကျေးမှု အစီအစဉ်တစ်ရပ်ကို စီစဉ်ကျင်းပခဲ့ပြီး တက်ရောက်လာသူများက မော်စကိုမြို့၏ အဓိကရှုခင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်း တပ်မတော်၏ ယဉ်ကျေးမှုနှင့် အပန်းဖြေစခန်း မျိုးချစ်တပ်မတော် Patriot Military Patriotic Park သို့ မြန်မာနိုင်ငံမှ ဧည့်သည်တော်များ သွားရောက်လည်ပတ်ကြသည်။ ၎င်းသည် ရုရှားဖက်ဒရေးရှင်း ကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီက တည်ဆောက်ခဲ့ပြီး အထင်ကြီးလောက်စရာ အသွင်အပြင်မျိုးစုံ ပါဝင်သည်။

အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထားသော ရုရှားဖက်ဒရေးရှင်း စစ်တပ်၏ ပြတိုက်နှင့် ဘုရားကျောင်းပြတိုက်သို့ ကိုယ်စားလှယ်အဖွဲ့ဝင်များက သွားရောက်လည်ပတ်ကြပြီး မဟာမျိုးချစ်စစ်ပွဲတွင် အောင်ပွဲခံ (၇၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရည်စူး၍ လည်ပတ်ကြသည်။ ထို့အပြင် မြန်မာဧည့်သည်များသည် ယူကရိန်းတွင်ပြုလုပ်နေသည့် အထူးစစ်ဆင်ရေးအတွက် ရည်ရွယ်ထားသည့် “ပြောက်ကျားရွာ” နှင့် ပြတိုက်ပြသမှုကို ပြသခဲ့ကြသည်။

လာမည့် ၅ ရက်အတွင်း ပါဝင်သူများသည် မော်စကိုနှင့် စိန့်ပီတာစဘတ်မြို့များတွင် ကြွယ်ဝသောအစီအစဉ်တစ်ခု ပြုလုပ်ရမည်ဖြစ်ပြီး ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီးတွင် မိတ်ဖက်နိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန် ရည်ရွယ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ



နေပြည်တော် ဧပြီ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း ဆရာ ဆရာမများအတွက် Grade-10 သင်ရိုး စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်



နေပြည်တော် ဧပြီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်း ဆရာ ဆရာမများအတွက် Grade-10 သင်ရိုး စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းပို့ချမည့်ဆရာ ဆရာမများ၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံမှလိုအပ်သော အသိပညာ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍနှင့် အခြားကဏ္ဍအသီးသီးတွင် ဆောင်ရွက်နေသည်နှင့်အမျှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင်လည်း စိုက်ပျိုး-မွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး-မွေးမြူရေး ကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် လိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့် (Grade -9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်ကြားရေးဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးသည် အလွန်အရေးကြီးသော ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ဆရာ ဆရာများ၏ အရည်အချင်းများ၊ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားသည်။

### အမြဲလေ့လာဆည်းပူး

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဆရာ ဆရာမများသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသူများဖြစ်၍ ဘာသာရပ်ဆိုင်ရာပညာရပ်များကို သင်ရိုးညွှန်းတမ်းဖြင့်သာ တင်းတိမ်မနေဘဲ မိမိကိုယ်တိုင်လည်း ခေတ်နှင့်လျော်ညီသည့် နည်းပညာများ ပြည့်ဝနေအောင် အမြဲလေ့လာဆည်းပူးပြီး ကျောင်းသား ကျောင်းသူများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသည့်အခါတွင်လည်း အထိရောက်ဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် ကြိုးစားသွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အဆိုပါ Grade-10 သင်ရိုး စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းသို့ စိုက်ပျိုးရေးအထူးပြု ၁၀၃ ဦးနှင့် မွေးမြူရေးအထူးပြု ၁၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၁၈ ရက်အထိ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာအထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ တွဲဖက်ဖွင့်လှစ်မည့် အခြေအနေများ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များ တွဲဖက်ဖွင့်လှစ်သင်ကြားမည့် အခြေအနေနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဒေသအုပ်ချုပ်ရေး အဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများအား တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပျော်ဘွယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး တက်ရောက်ရှင်းလင်းဆွေးနွေးသည်။



ဦးစွာ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်၍ အလယ်တန်းအဆင့် (Grade-9) အောင်မြင်ပြီးမြောက်သော ကျောင်းသား ကျောင်းသူများကို အထက်တန်းအဆင့် သင်ယူနေစဉ်ကာလတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို ရွေးချယ်သင်ယူတတ်မြောက်နိုင်မည့် အခြေအနေ၊ ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများ၏ သိလိုသည့် မေးခွန်းများကို ရှင်းလင်းဖြေကြားသည်။

အဆိုပါကျောင်းများတွင် စက်မှုနည်းပညာလမ်းကြောင်း အနေဖြင့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ(Electrical Techno-logy)နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလသုံးနှစ်အတွင်း စာတွေ့၊ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်းနှင့် အဆင့်မီ (Qualified) အောင်မြင်သူများသည် အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အထူးအောင်(Credit) အောင်မြင်သူများသည် နည်းပညာကောလိပ်နှင့် နည်းပညာတက္ကသိုလ်များသို့ ဆက်လက်တက်ရောက် ပညာသင်ယူနိုင်ကြမည်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်သင်ကြား ပေးသွားမည်ဖြစ်ကာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပြီး ကျောင်းသား ကျောင်းသူများ လျှောက်ထားတက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ | စာပေမြင့်မှ လူမျိုးတင့်မည် | စာအုပ်စာပေ လူ့မိတ်ဆွေ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၉၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၀၁,၂၇၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၄၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀)ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီးနေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ပုသိမ်မြို့၌ ရေကြောင်းလူငယ်အခြေခံတန်းမြင့်သင်တန်းနှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းဖွင့်ပွဲကျင်းပ

ပုသိမ် မေ ၂၄

ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့်အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှူး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ရောဂါဆိုးကြီးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့၍ သင်တန်းပို့ချမှုများရပ်ဆိုင်းခဲ့ရပါကြောင်း၊ ယခုနှစ်တွင် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၊ သင်တန်းသား သင်တန်းသူ ၇၀၉ ဦးနှင့် လေကြောင်းလူငယ် သင်တန်းစခန်း ၁၇ ခု၊ သင်တန်းသား သင်တန်းသူ ၆၈၀ ဖြင့် ပြန်လည်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်အတွက် ခေါင်းဆောင်များဖြစ်လာမည့် မောင်တို့ မယ်တို့အနေဖြင့် ပညာရည်မြင့်မားပြီး ဘက်စုံထူးချွန် ထက်မြက်လာစေရန် ကျောင်းသင်ခန်းစာများသာမက အခြားသော အသိပညာ၊ အတတ်ပညာ ဗဟုသုတများ တိုးပွားလာစေရေးအတွက် တပ်မတော်အနေဖြင့် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ရေကြောင်းဆိုင်ရာ အခြေခံပညာရပ်များနှင့် လေကြောင်းဆိုင်ရာ အခြေခံပညာရပ်များကို တတ်မြောက်သိရှိနားလည်လာစေရေးအတွက် အထူးကြိုးစားသင်ယူပြီး နိုင်ငံတော်ကိုအကျိုးပြုနိုင်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရန်နှင့် သင်တန်းအစမှ အဆုံးထိတက်ရောက်နိုင်ရန်အတွက် မိမိတို့၏ ကျန်းမာရေးကို အထူးဂရုပြု ထိန်းသိမ်းလေ့ကျင့်နေထိုင်သွားကြရန်လိုပါကြောင်း၊ သင်တန်းက ချမှတ်ထားသည့် စည်းကမ်းများကို တိတိကျကျလိုက်နာပြီး စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့နှင့် နိုင်ငံတော်အတွက် အားထားရသည့် သားကောင်း သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားသွားကြရန်လိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေကြောင်းလူငယ်သင်တန်းအတွက် ထောက်ပံ့ငွေနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လေကြောင်းလူငယ်သင်တန်းအတွက် ထောက်ပံ့ငွေနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ခန်းမအတွင်း ပြသထားသည့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများနှင့် သင်တန်းပို့ချဖွင့်လှစ်ခဲ့မှုများကို ကြည့်ရှုလေ့လာခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်

မုံရွာ မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် ဘက်စုံ ပညာထူးချွန်ပြီး အကျင့်စာရိတ္တကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ကျောင်းသားလူငယ်များအဖြစ် လေ့ကျင့်ပျိုးထောင်ရန်ရည်ရွယ်၍ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးချယ်ခြင်းခံရသည့် လူရည်ချွန်များအနေဖြင့် မိမိတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာ၊ မိမိခရိုင်၊ မိမိမြို့နယ်၊ မိမိကျောင်းဂုဏ်သိက္ခာ ကောင်းမွန်စေရေးအတွက် စခန်းအတွင်းလိုက်နာရမည့် စည်းကမ်းများ၊ စခန်းအတွင်းပြိုင်ပွဲများ၊ လေ့လာရေးလုပ်ငန်းများ၊ သွားလာနေထိုင်စားသောက်ရေး ကိစ္စရပ်များတွင် အများနှင့်အတူ အချိန်ကိုက်လိုက်ပါ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူ ၄၂ ဦး အတွက် ငွေကျပ်သိန်း ၉၀ ပေးအပ်ချီးမြှင့်ပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား မုံရွာမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း Grade 11 မှ မမြင့်မြတ်ကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားသို့တက်ရောက်လာသူများ၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ နံနက်စာအတူတကွသုံးဆောင်ခဲ့သည်။




အဆိုပါ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်အသီးသီးမှ လူရည်ချွန်ရွေးချယ်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ အဋ္ဌမတန်းတွင် လူရည်ချွန် ၁၄ ဦး၊ ဒသမတန်းတွင် လူရည်ချွန် ၁၄ ဦး၊ ကောဒသမတန်းတွင် လူရည်ချွန် ၁၄ ဦး စုစုပေါင်း ၄၂ ဦး ရွေးချယ်ခဲ့ပြီး ၎င်းတို့အနက် နှစ်ထပ်ကွမ်း လူရည်ချွန် နှစ်ဦးပါဝင်ကာ ပုဂံ၊ တောင်ကြီး၊ ငွေဆောင် လူရည်ချွန်အပန်းဖြေစခန်းအသီးသီးသို့ မေ ၂၆ ရက်မှ မေ ၃ ရက်အထိ လေ့လာရေးခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ စားသောက်နေထိုင်ရေးဆိုင်ရာကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျခံ သုံးစွဲမည်

**ဖနောင်ပင် ဧပြီ ၂၄**

ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့်လတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ပနိုင်ငံများမှ အားကစားသမားများနှင့် နည်းပြများအတွက် အစားအသောက်နှင့် နေရာထိုင်ခင်းဆိုင်ရာ ကိစ္စရပ်များ စီမံခန့်ခွဲရန်အတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ခုနစ်သန်းကို ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ယနေ့ ပြောကြားသည်။

**အခမဲ့ကြည့်ရှုခွင့်ပေးအပ်သွားမည်**

ထို့ပြင် ပြိုင်ပွဲကြည့်ရှုမည့် ပရိသတ်များအား အခမဲ့ကြည့်ရှုခွင့်ပေးအပ်သွားမည်ဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ ရုပ်မြင်သံကြားလိုင်းများကိုလည်း အခမဲ့တိုက်ရိုက်ပြသခွင့် အခွင့်အရေးများ ပေးအပ်သွားမည်ဟု သိရသည်။

ကမ္ဘောဒီးယားသည် သေးငယ်၍ချို့တဲ့သောနိုင်ငံဖြစ်လင့်ကစား ရက်ရောသည့်နှလုံးသားရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဝန်ကြီးချုပ် ဟွန်ဆန်က ဆိုသည်။

မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အဆိုပါ အားကစားပြိုင်ပွဲ၌ အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမားနှင့် နည်းပြ စုစုပေါင်း ၁၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**




# တရုတ်နိုင်ငံက သရီးဒီ(သုံးဖက်မြင်)နည်းပညာသုံးစွဲ၍ လကမ္ဘာပေါ်တွင် အဆောက်အအုံများဆောက်လုပ်နိုင်ရေး လေ့လာမည်

**ပေကျင်း ဧပြီ ၂၄**

တရုတ်နိုင်ငံသည် လကမ္ဘာစူးစမ်းလေ့လာရေး အစီအစဉ်အဖြစ် သရီးဒီ(သုံးဖက်မြင်)နည်းပညာ သုံးစွဲ၍ လကမ္ဘာပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ရန် လုပ်ငန်းဖြစ်နိုင်ခြေများ လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချိုင်းနားဒေးလီး သတင်းစာက ယနေ့ပြောကြားသည်။

တရုတ်နိုင်ငံမှ ၂၀၂၈ ခုနှစ်တွင် လွှတ်တင်မည့် Chang'e-8 အာကာသယာဉ်သည် အထက်ပါ လုပ်ငန်းအတွက် လကမ္ဘာပေါ်တွင် မြေပြင်အနေအထား ကွင်းဆင်းလေ့လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ သိပ္ပံပညာရှင် Wu Weiren က ဆိုသည်။

လကမ္ဘာတွင် အချိန်ကြာမြင့်စွာ စခန်းတည်ဆောက်၍ နေထိုင်နိုင်ရန်အတွက် လကမ္ဘာပေါ်မှ အရင်းအမြစ်များကိုပင် သုံးစွဲဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

လကမ္ဘာပေါ်တွင် သရီးဒီ(သုံးဖက်မြင်)နည်းပညာ သုံးစွဲ၍ လုပ်ငန်းဆောင်ရွက်နိုင်ရေးလေ့လာမှုများကို တရုတ်နိုင်ငံ တုံ့ဂျီတက္ကသိုလ်နှင့် ဇီအန်းဂျိုက်တောင်းတက္ကသိုလ်များအပါအဝင် နိုင်ငံအတွင်းရှိ တက္ကသိုလ်အများအပြားမှ ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**





# ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ပထမသုံးလအတွင်း ၁၈ ဒသမ ၄၈ ရာခိုင်နှုန်းမြင့်တက်

**ဗန်ကောက် ဧပြီ ၂၄**

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ဆန်တန်ချိန် ၂ ဒသမ ၀၆ သန်း တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရသိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မတ်လ အထိကာလအတွင်း ဆန်တင်ပို့မှုမှ ဝင်ငွေ ဘတ် ၃၈ ဒသမ ၀၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံ)ရရှိခဲ့ကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်း ဆန်တင်ပို့မှု၏ ၁၆ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်းနှင့် အီရတ်နိုင်ငံနောက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုအများဆုံးနိုင်ငံများအဖြစ် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၏ပြောကြားချက်အရ နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် စိုက်ပျိုးရေးအတွက် ရေအထောက်အပံ့ လုံလောက်စွာရရှိနေခြင်းကြောင့် ယခုနှစ်တွင် ဆန်စပါးထုတ်လုပ်မှုကို ပိုမိုထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အီဂျစ်နိုင်ငံက တိုက်ပွဲများဖြစ်ပွားနေသည့် ဆူဒန်နိုင်ငံမှ အီဂျစ်နိုင်ငံသား ၄၃၆ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ကိုင်ရို ဧပြီ ၂၄**

အီဂျစ်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းများသည် အိမ်နီးချင်းဆူဒန်နိုင်ငံ၌ တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် အီဂျစ်နိုင်ငံသား ၄၃၆ ဦးအား ဧပြီ ၂၃ ရက်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အီဂျစ်နိုင်ငံသားများကို ဆူဒန်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းကာ ကုန်းလမ်းမှတစ်ဆင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။



ဆူဒန်နိုင်ငံ၌ အီဂျစ်နိုင်ငံသား ၁၀၀၀၀ နီးပါးရှိပြီး ဆူဒန်နိုင်ငံတွင် ပဋိပက္ခများဖြစ်ပွားပြီးချိန်ကတည်းက အီဂျစ်အဲလေကြောင်းလိုင်းက ဆူဒန်နိုင်ငံ၏ မြို့တော် ခါတွန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ပြေးဆွဲလျက်ရှိသောလေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ဆူဒန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ နိုင်ငံအတွင်း တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ဧပြီ ၂၂ ရက်က အနည်းဆုံး ၄၂၄ ဦးသေဆုံးခဲ့ကာ လူပေါင်း ၃၇၃၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# သီရိလင်္ကာနိုင်ငံ၌ အပူချိန်ထပ်မံမြင့်တက်လာနိုင်သဖြင့် ရောဂါခုခံနိုင်စွမ်း နည်းပါးသည့်သူများအား သတိပေး

**ကိုလံဘို ဧပြီ ၂၄**

သီရိလင်္ကာနိုင်ငံ၌ လာမည့်ရက်များအတွင်း အပူချိန်ထပ်မံမြင့်တက်လာနိုင်သဖြင့် ရောဂါခုခံနိုင်စွမ်းနည်းပါးသည့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါကုသမှုခံယူနေရသည့်လူနာများအား အထူးဂရုပြုနေထိုင်ကြရန် ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ သတိပေးပြောကြားသည်။

အဆိုပါအုပ်စုဝင် နိုင်ငံသားများအား နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ရှားရန်နှင့် ရေဓာတ်ပြည့်ဝစွာရရှိရေးအတွက် ရေလုံလောက်စွာသောက်သုံးရန် သီရိလင်္ကာဆေးဘက်ဆိုင်ရာအဖွဲ့အစည်းက ညွှန်ကြားထားသည်။ ထို့ပြင် ကျောင်းသားများအား စာသင်ခန်းပြင်ပ၌ ဆောင်ရွက်ရသည့်လှုပ်ရှားဆောင်ရွက်မှုများ မပြုလုပ်စေရေးအတွက် ကြီးကြပ်စေရေးသက်ဆိုင်ရာဆရာများအား သီရိလင်္ကာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတာဝန်ရှိသူ Vinya Ariyaratne က လမ်းညွှန်ခဲ့သည်။

ထို့ပြင်နိုင်ငံအတွင်းရှိ အလုပ်သမားများအတွက်လည်း နေ့အပူချိန်မြင့်တက်မှုဒဏ်မှကာကွယ်ရန်အတွက် သင့်လျော်သည့်အလုပ်ချိန်ကို သတ်မှတ်ရန် ၎င်းအဖွဲ့အစည်းက တိုက်တွန်းခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်းက နိုင်ငံအတွင်းအပူချိန်များ မြင့်တက်ခဲ့သောကြောင့် သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းမြို့နယ်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့် ၂၆-၄-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လဲကျေးရွာနေ ပိုင်မင်းဦးသည် ၎င်းအသုံးပြုသည့် "Paing Min Oo" Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အောင်သာယာရပ်ကွက်နေ နိုနိုဇင်သည် ၎င်းအသုံးပြုသည့် "Noe Noe Zin" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်နေ ဇာဇာအောင်(ခ)ဇာဇာသိန်းမြင့်သည် ၎င်းအသုံးပြုသည့် "Zar Zar Aung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေငယ်ကျေးရွာနေ ချိုမာအောင်နှင့် လဲ့လဲ့ဝင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Cho Mar Aung" Facebook အကောင့်နှင့် "Lae Lae Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုက်မရောမြို့နယ်၌ မိုးရာသီတွင်စိုက်ပျိုးရန် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးမည်

**ကျိုက်မရော မေ ၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာနက လာမည့် မိုးရာသီတွင် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာစေရေး၊ အပူဒဏ်လျော့နည်းစေရန်နှင့် သဘာဝသစ်တောများ ပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်စေရေးတို့အတွက် လူထုဖြန့် အစီအစဉ်ဖြင့် ပျိုးပင်ပေါင်း ၃၅၀၀၀ ကို အခမဲ့ဖြန့်ဝေ စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပျိုးပင်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သာသနာ့နယ်မြေများ၌ စိုက်ပျိုးနိုင်ရန် ကျွန်း၊ မန်ကျည်းရှား၊ မဟော်ဂနီ၊ ကုက္ကို၊ ယူကလစ်၊ မဲဇလီ၊ သစ်ဆိမ့်၊ ပိတောက်၊ ရေတမာ၊ စိန်ပန်း၊ ခရေ စသည့်အရိပ်ရအပင်များနှင့် ရတနာတန်းဝင် နှစ်ရှည်ပင်ပေါင်း သုံးသောင်းခွဲကို ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါပျိုးပင်များကို ကျိုက်မရောမြို့ သစ်တောဦးစီးဌာနရုံးဝင်းရှိ မြို့မပျိုးဥယျာဉ်ခြံ၌ စနစ်တကျ ပြုစုပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၂၃ မိုးရာသီမှာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လူထုဖြန့် အစီအစဉ်နဲ့ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး တန်ဖိုးထားထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကာ ပျိုးထောင်ထားခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးညွန့်ရွှေ၏ ပြောပြချက်အရ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်အောင်ခရိုင်၌ ပထမအကြိမ် အင်းလေလံနှင့် ပိုက်ချက် တင်ဒါရောင်းချပွဲ ကျင်းပ

မြန်အောင် မေ ၂၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်ခရိုင်၌ ၂၀၂၃-၂၀၂၄ ခုနှစ် လုပ်ငန်းရာသီအတွက် ပထမအကြိမ် အင်းလေလံနှင့် ပိုက်ချက် တင်ဒါရောင်းချပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြန်အောင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်အေးမြင့်ဦးနှင့် အင်္ဂပူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်ဝင်းတို့က ခရိုင်အတွင်းရှိ အင်း/ပိုက်ချက် တင်ဒါများနှင့် အင်းလေလံစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

မြန်အောင် ခရိုင်အတွင်းရှိ မြန်အောင်၊ အင်္ဂပူ၊ ကြံခင်းမြို့နယ်တို့မှ အင်းများကို ဈေးပြိုင်စနစ်နှင့် ပိုက်ချက်တင်ဒါများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ပထမအကြိမ် ရောင်းချခြင်းဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် မြန်အောင်ခရိုင်အတွင်း တစ်နှစ်ကျန်၊ နှစ်နှစ်ကျန်၊ အသစ်ကြေးတိုင်အင်း စုစုပေါင်း ၇၀ အင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုချထားခဲ့ပြီး ကျန်အင်းပေါင်း ၄၃ အင်းကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ ပိုက်ချက်တင်ဒါပေါင်း ၁၄ ချက်ကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်အောင်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်တွင် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း စစ်ဆေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဝါးခယ်မ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဇန်နဝါရီလမှစတင်၍ ထရန်စဖော်မာများပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် လျှပ်စစ်မီးအား ပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများလျှော့ချနိုင်ရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျှော့ချနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဖြိုးလင်းနှင့် ဝန်ထမ်းများက ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာများရှိ မီတာများအား စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၀ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၈၅ | ၂၀၉၅ | ၂၁၃၀ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၈၁၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၅၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၈၅ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၂၀ | ၂၁၄၀ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၃၀၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၀ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၈၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၀ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၈၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၁ | ၂၀၁၃ |
| 95 Ron | ၂၀၃၀ | ၂၁၀၄ |
| HSD (500 ppm) | ၁၈၈၅ | ၁၉၅၂ |
| HSD (50 ppm) | ၁၉၅၈ | ၂၀၂၇ |
| HSD (10 ppm) | ၁၉၅၈ | ၂၀၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၂၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ တောင်ညိုဘက်စုံ စိုက်ပျိုး၊ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် ကျောက်ဖြူတပ်နယ်နှင့် စစ်တောတပ်နယ်တို့ရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့နယ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များ တွဲဖက်ဖွင့်လှစ်မည့်အခြေအနေများ ရှင်းလင်းဆွေးနွေး

**ဒေးဒရဲ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးမည့် စက်မှုနည်းပညာ ဘာသာရပ်များ၊ သင်ကြားသင်ယူမှုအစီအစဉ်များ၊ GTHS အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ငွေးသွင်က နည်းပညာ၊ သက်မွေးပညာ၊ လေ့ကျင့်ရေး ဦးစီးဌာန၏ နောက်ခံသမိုင်း၊ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သွားမည့် စက်မှုနည်းပညာဘာသာရပ်များ၊ သင်ကြားသင်ယူမှု အစီအစဉ်များ၊ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များနှင့် GTHS အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် တက်ရောက်သင်ယူမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည့် အခြေအနေများနှင့် ခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်က အခြားမြို့နယ်များမှ လာရောက်သင်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် တည်းခိုရာအဆောင်များ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ တက်ရောက်လာသော ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်စသည့် မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ထက်/လယ် ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဒေးဒရဲမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ သင်ကြားရေးဆိုင်ရာ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**၂၀၇**

# စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာနှစ်ရွာအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

**စဉ့်ကူး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ခေတ္တ) မြို့နယ်ဦးစီးမှူး ဒေါ်နော်အေးအေးထူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ခေတ္တ) မြို့နယ်ဦးစီးမှူး ဒေါ်နော်အေးအေးထူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄၆ ဦးတို့အား ငွေကျပ် ၆၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးတို့အား ချေးငွေကျပ် ၁၁ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးတို့အား ချေးငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း ကျေးရွာနှစ်ရွာမှ အသင်းသား အသင်းသူ ၃၁၁ ဦးတို့အား ချေးငွေကျပ် ၇၂ ဒသမ ၆၅ သန်းကို စီမံကိန်းကျေးရွာကော်မတီဝင်များမှတစ်ဆင့် အသင်းသူ အသင်းသားများထံသို့ နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုခံရသည့် ကျေးရွာများတွင် ကြက်ခြေနီက လူမှုကရုဏာအကူအညီများပေး

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့တွင် မေ ၂၁ ရက် ညနေပိုင်းက လေဆင်နှာမောင်း တိုက်ခတ်မှု ဖြစ်ပွားခဲ့ရာ နေပြည်တော်မှ ကြက်ခြေနီ စေတနာ လုပ်အားရှင်များသည် အဆိုပါကျေးရွာများသို့ အချိန်နှင့် တစ်ပြေးညီ သွားရောက်ပြီး လေဘေးကြောင့်ထိခိုက်ခံစားရသူများကို လူမှုကရုဏာအကူအညီ များ ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော် ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီ၊ နေပြည်တော်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတိုင်းကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးလင်းဦးနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ဥတ္တရခရိုင် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ၊ ဇေယျာသီရိ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဥတ္တရသီရိမြို့နယ် ကြက်ခြေနီ အသင်းခွဲများမှ ကြက်ခြေနီစေတနာလုပ်အားရှင် စုစုပေါင်း ၅၂ ဦးတို့သည် မေ ၂၁ ရက် ညပိုင်းနှင့် မေ ၂၂ ရက်တို့တွင် အဆိုပါကျေးရွာများသို့ သွားရောက်ပြီး အပျက်အစီးများ ကူညီရှင်းလင်းပေးခြင်း၊ ရွာသူရွာသားများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီခြင်း၊ မိသားစုချင်း အဆက်အသွယ်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူများကို ရှေးဦးပြုစုစောင့်ရှောက်ပေးခြင်း၊ ဆေးရုံများသို့ ပို့ဆောင်ရန်လိုအပ်သည့် လူနာများကို ကြက်ခြေနီ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီသည် ယနေ့ နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသည့်အချိန် ရေကြီးရေလျှံမှုမဖြစ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် ဝေဇယန္တာလမ်း အရှေ့ဘက်အခြမ်း ပြဟ္မစိုရ်လမ်းနှင့် ပါရမီလမ်းအကြား ရေမြောင်းအတွင်း အမှိုက်၊ နုန်း၊ သဲ၊ ခဲများ ဆယ်ယူနေမှု၊ လမ်းလယ်ကျွန်းမြက်များ ဖြတ်ညှိနေမှု၊ သစ်ပင်အောက်တက်များ၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက် သန့်ရှင်းသာယာ သပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၂ ရပ်ကွက် ပဲခူးမြစ်လမ်း မြို့နယ်ခန်းမရှေ့ ပဲခူးမြစ်လမ်းရေမြောင်းအတွင်းနှင့် ၉၈ ရပ်ကွက် ဆင်ခြေရာချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် ၂၃ ရပ်ကွက် ဝေဇယန္တာလမ်းနှင့် သစ်ရာပင်လမ်းထောင့်ရှိ အုတ်ရေမြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အုတ်ရေမြောင်းနှင့် ကားလမ်းအကြား ရေစုကန်တူးရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# သီပေါမြို့ရှိ သီပေါသီတဂူစက္ခုဒါနဆေးရုံမှ (၅၁)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသမည်

သီပေါ ဧပြီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ သီပေါသီတဂူစက္ခုဒါနဆေးရုံကို မေ၂ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်၍ (၅၁) ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်များ လာရောက်ကုသနိုင်ကြောင်းနှင့် ဧပြီ ၂၅ ရက်မှစပြီး လူနာမှတ်တမ်းစာအုပ်များကို လက်ခံဆောင်ရွက်ပေးနေပြီဟု သိရသည်။

ယခု(၅၁)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသနိုင်ရန် မျက်စိဆေးရုံသန့်ရှင်းရေးနှင့် ပြင်ဆင်မှုများ ကြိုတင်ဆောင်ရွက်လျက်ရှိပြီး မျက်စိဝေဒနာရှင်များအတွက် ရပ်နီးရပ်ဝေး စေတနာရှင်များက အလှူငွေများ လှူဒါန်းကူညီပေးလျက်ရှိရာ သီပေါမြို့မှလုပ်ငန်းရှင်ကြီးများကလည်း မျက်စိဝေဒနာရှင်များအား ဆန်ပြုတ်အာဟာရတိုက်ကျွေးနိုင်ရန် အလှူငွေကျပ် လေးသိန်း စုပေါင်းကုသိုလ်ပြုလှူဒါန်းကြကြောင်း သိရသည်။

၂၁၀



# ရွာငံမြို့နယ်၌ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်

ရွာငံ ဧပြီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီက အထက (ရွာငံ)ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးကိုယ်စား အထက(ရွာငံ) ကျောင်းအုပ်ဆရာကြီး ဦးမြင့်မိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးခိုင်အား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းတွင် ရွာငံမြို့နယ်အတွင်းရှိ အထက (ရွာငံ)၊ အမကမူလွန် (ရွာမ)၊ အမက (ဈေးတန်း)၊ အမက(မြို့ကုန်း)၊ အမက(အင်းကုန်း ငါးဆူ) Grade – 1 မှ Grade –5 အထိ ကျောင်းသား ကျောင်းသူ ၃၂၅ ဦးကို ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရွာငံ(ပြန်/ဆက်)

# သထုံမြို့၌ နွေရာသီ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်

သထုံ ဧပြီ ၂၄

မွန်ပြည်နယ် သထုံမြို့၌ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ၌ ကျောင်းသား ကျောင်းသူများအား ယဉ်ကျေးလိမ္မာသောလူငယ်များ ဖြစ်လာစေရေးအတွက် ဓမ္မအလင်းတန်းဗုဒ္ဓစာပေပြန့်ပွားရေးအသင်းမှ အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို သိမ်ကုန်းရပ်ကွက်ရှိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ယခုလဆန်းပိုင်းမှစတင်ကာ ဖွင့်လှစ်ခဲ့ပြီး တစ်လခွဲကြာခန့် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကျောင်းပိတ်ရက်ကာလ၌ နေ့စဉ်နံနက် ၈ နာရီခန့်မှ စတင်ကာ ၉ နာရီခွဲခန့်အထိ သင်တန်းသား သင်တန်းသူ ၄၀ နီးပါးခန့် တက်ရောက်ကြပြီး နည်းပြ သုံးဦးတို့က ဗုဒ္ဓစာပေကျမ်းဂန်လာ ယဉ်ကျေးမှုအဆုံးအမများ၊ ယဉ်ကျေးလိမ္မာစွာ နေထိုင်ပြုမူပြောဆိုတတ်စေမည့် နည်းလမ်းတို့ကို သင်ကြားပေးလျက်ရှိကြောင်း ဓမ္မအလင်းတန်း ဗုဒ္ဓစာပေပြန့်ပွားရေးအသင်းမှ တာဝန်ရှိသူက ပြောသည်။

ဓမ္မအလင်းတန်း ဗုဒ္ဓစာပေပြန့်ပွားရေးအသင်းအနေဖြင့် ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ရက်ကာလ၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို နှစ်စဉ်ဖွင့်လှစ်ခြင်းအပြင် ဗုဒ္ဓစာပေများပြန့်ပွားရေးအတွက် အခြေခံ အဘိဓမ္မာသင်တန်း၊ နိကာယ်၊ သံယုတ်သင်တန်းများ၊ (၃၈)ဖြာမင်္ဂလာသင်တန်း စသည့် ဗုဒ္ဓစာပေဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုင်းတုံမြို့နယ်ရှိ ကျေးရွာ ၁၃ ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကျေးရွာများရွေးချယ်ပွဲ ကျင်းပ

မိုင်းတုံ ဧပြီ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျေးရွာများရွေးချယ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းတုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က စီမံကိန်းကျေးရွာများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ကျေးရွာ ၁၃ ရွာ ရွေးချယ်**

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာများရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင် ကျေးရွာ တစ်ရွာ၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းဝင် ကျေးရွာတစ်ရွာနှင့် ခေတ်မီစံပြကျေးရွာ စီမံကိန်းဝင်ကျေးရွာ တစ်ရွာ စုစုပေါင်း ကျေးရွာ ၁၃ ရွာအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

၂၂

# ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး သုံးသပ်ဆွေးနွေးပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရေတာရှည် ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး သုံးသပ်ဆွေးနွေးပွဲ(MSR)နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးက သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲနှင့် ပတ်သက်သည်များအား ချပြရှင်းလင်းခဲ့သည်။

ဆက်လက်ပြီး မြစိမ်းရောင်စီမံကိန်းတွင် ဆုများရရှိသော ကျေးရွာများအား ဆုချီးမြှင့်ခဲ့ရာ စံပြဆုရရှိသော ဂုံမင်းကွင်းကျေးရွာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ဆုချီးမြှင့်ပေးအပ်ခဲ့ပြီး ကျန်ဆုရရှိသောကျေးရွာများအား သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသောဌာနဆိုင်ရာများ၊ မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာကော်မတီများနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းသားများက တွေ့ကြုံရသောအခက်အခဲများနှင့် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

# နွေနေပူမှာ အပူငြိမ်းစာ စားပေးပါ

ပေါက်ပေါက်

ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသသုတေသနသတင်းများ ထုတ်ပေးနေသည့် Ogimet.com၏ စစ်တမ်းအရ ဧပြီလ ၂၀ ရက်နေ့က ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့တွင် မြန်မာနိုင်ငံမှ ချောက်မြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့က အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ဖြင့် ကမ္ဘာ့အပူချိန်အမြင့်ဆုံးမြို့နယ်များဖြစ်ကြောင်း သိရသည်။

ဧပြီလ ၂၁ ရက်နေ့တွင်လည်း ထူးခြားသည့်နေ့အပူချိန်များအဖြစ် အောက်ပါအတိုင်း တွေ့ရှိရသည်။

- ချောက်မြို့ ၄၆ ဒီဂရီစင်တီဂရိတ်၊
- မြင်းမူမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- မြင်းခြံမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- ညောင်ဦးမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- တံတားဦးမြို့(လေကြောင်းမိုးလေဝသ) ၄၄ ဒီဂရီစင်တီဂရိတ်၊

နွေရာသီတွင် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်များ မြင့်တက်လျက်ရှိသည်။ အပူချိန်မြင့်တက်နေမှုက မိုးမကျမချင်း ပူနေဦးမည်ဖြစ်ကာ အပူချိန်ကို ဖွန်လလယ်အထိ သတိထားနေရဦးမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များကို သတိပေးလျက်ရှိသည်။

**၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့အပူချိန် စံချိန်တင် မြင့်တက်လာနိုင်ဖွယ်ရှိ**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းလက်အောက်ခံ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဦးစီးဌာန (CCCS) မှ သုတေသီများက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါသုတေသီများ၏ရလဒ်များအရ အယ်လ်နီညို ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူချိန်စံချိန်တင်မြင့်တက်မှုပြသနာဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ထားသည်။

အယ်လ်နီညိုရာသီဥတုသည် ယခုနှစ်နွေရာသီတွင် စတင်ဖြစ်ပေါ်လာနိုင်ပြီး သမုဒ္ဒရာရေမျက်နှာပြင်များလည်း အပူချိန်မြင့်တက်လာဖွယ်ရှိကြောင်းနှင့် အယ်လ်နီညိုရာသီဥတုသည် နွေရာသီအတွင်း ဖြစ်ပေါ်လာပြီးပါက နှစ်ကုန်ပိုင်းအထိ ဖြစ်ပေါ်နိုင်သလို နှစ်ကုန်ပိုင်းတွင်လည်း ယင်းရာသီဥတုအခြေအနေမှာ ဆိုးရွားလာနိုင်ကြောင်း CCCS မှ သုတေသီများက သုတေသနရလဒ်နှင့်တကွ အခိုင်အမာပြောဆိုထားသည်။

**အပူချိန်မြင့်မားမှုအန္တရာယ်**

ကျန်းမာသုတတစ်ရပ်အနေဖြင့် အသိပေးမျှဝေရပါလျှင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်သည် အန္တရာယ်ရှိနေပြီး ၄၀ ကျော်လျှင် အလွန်အန္တရာယ်ကြီးမားနေပြီဖြစ်သည်။ အပူချိန် ၄၀ မကျော်သော်လည်း ၄၀ ပတ်ဝန်းကျင်တွင် ရက်များကြာလာပါက အန္တရာယ်ကြီးမားနေပြီး ယင်းကို Heat Stroke ဟုခေါ်သည်။ ထိုကဲ့သို့ အပူချိန်မြင့်တက်နေချိန်တွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များက ပို၍သတိထားနေထိုင်သင့်သည်။ ထို့ပြင် သက်လတ်ပိုင်းအရွယ်များတွင်လည်း အနေအထိုင်၊ အစားအသောက် မှားသွားပါက Heat Stroke ဖြစ်ပေါ်ခံစားရနိုင်သဖြင့် မပေါ့ဆသင့်ပေ။

လူသားတစ်ယောက်အတွက် ကိုယ်တွင်းအပူချိန်သည် ပျမ်းမျှ ၉၈ ဒသမ ၆ ဒီဂရီဖြစ်ပြီး ရာသီဥတုပေါ်မူတည်၍ ယင်းပမာဏထက် အပူချိန်အတက်အကျ အနည်းငယ်ပြောင်းလဲတတ်သည်။ ခန္ဓာကိုယ်တွင်းအပူချိန်က သူ့အလိုလိုအေးသွားခြင်းမျိုးမရှိတတ်ပေ။ လိုအပ်သည်ထက် အပူချိန်များနေပါက ပိန်ချုံးလာခြင်း၊ ကြွက်တက်ခြင်း၊ လျှာနှင့် နှုတ်ခမ်းသာမက အရေပြားပေါ်တွင် အဖုအပိမ့်များထွက်လာခြင်း၊ ဝက်ခြံထွက်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ပျို့အန်ခြင်း စသည်တို့အပြင် ခန္ဓာကိုယ်တွင်း ကလီစာများ အထူးသဖြင့် ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။

**အပူငြိမ်းစေမည့် အအေးစာများ**

အပူငြိမ်းအေးစေရန်အတွက် အဓိကဆေးမှာ ရေဝဝသောက်၍ တစ်နေ့လျှင် ရေနှစ်ကြိမ် ချိုးပေးခြင်းဖြစ်သည်။ အောက်ဖော်ပြပါ အစားအစာများက ခန္ဓာကိုယ်တွင်း အပူငြိမ်းအေးစေသဖြင့် ယခုလို နေ့အပူချိန်များသောကာလတွင် မဖြစ်မနေစားပေးသင့်သည်။



- ✧ လူ့ခန္ဓာကိုယ်၏ သုံးပုံ နှစ်ပုံကို အရည်ဓာတ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဖရဲသီးတစ်လုံးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားသဖြင့် ရင်ကိုအေးမြစေသည်။ ရေဓာတ်ကြွယ်ဝသောဖရဲသီးကို စားခြင်းဖြင့် ရေငတ်ပြေစေပြီး ခန္ဓာကိုယ်တွင်းရှိ အပူချိန်ကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသောအရည်ဓာတ်ကို ပြန်လည်ဖြည့်တင်းပေးကာ လူကို လန်းဆန်းအမောပြေလာစေသည်။
- ✧ ကြံရည်သောက်ပါ။ နေပူလောင်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများအတွက် ကြံရည်က ခန္ဓာကိုယ်ကို အချိန်တိုတွင်းမှာပင် ရေဓာတ်ဖြည့်ပေးနိုင်သည်။ ကျောက်ကပ်ကို အားပေးပြီး ပူပြင်းသောရာသီ၌ ဆီးချုပ်၊ ဆီးအောင့်ခြင်းမှ ကာကွယ်ပေးသည်။ အပူလျှပ်ခြင်းခံစားနေရသူများအတွက် ကြံရည်က ကိုယ်တွင်းအပူငြိမ်းစေပြီး ပရိုတင်းအားဖြည့်ဓာတ်စာအဖြစ် အာနိသင်ထက်မြက်သည်။ ထို့ကြောင့် နွေပူပူ ရင်ပူပူတွင် အပူငြိမ်း၊ သည်းခြေအေးစေမည့် ကြံရည်ကို သဘာဝ၏အာဟာရအဖြစ် သောက်သုံးပေးသင့်သည်။ ကျန်းမာရေးအတွက် ကြံရည်သောက်ရန် အသင့်တော်ဆုံးအချိန်မှာ နေ့လယ်ဖြစ်သည်။
- ✧ သခွားသီးမှာ ရေဓာတ်ကြွယ်ဝစွာပါရှိ၍ ခန္ဓာကိုယ်ကို ထိထိရောက်ရောက်အေးမြစေသည်။ ထို့ကြောင့် ငွေကြေးအားဖြင့် တန်ဖိုးနည်းသော်လည်း အာဟာရတန်ဖိုးများလှသည့် သခွားသီးများကို နေ့စဉ်စားပေးသင့်သည်။
- ✧ ပူစီနံရွက်က ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေသဖြင့် မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မကာအို စသည့်အာရှတိုက်တစ်ခွင်ရှိ ရှေးတိုင်းရင်းဆေးဆရာကြီးများက ပူစီနံပင်များကို အပူငြိမ်းဆေးအဖြစ် ဆေးဝါးဖော်စပ်လာကြသည်။
- ✧ မုန်လာဥအဖြူစားပါ။ အဖြူရောင်မုန်လာဥများတွင် ဗီတာမင်စီပါရှိနေသည့်အပြင် ကိုယ်တွင်းအပူချိန်ကို တိုက်ထုတ်ပေးနိုင်သောဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း အလုံအလောက်ပါရှိသည်။ ထို့ကြောင့် “heat stroke” ကို တိုက်ထုတ်ပေးနိုင်သော မုန်လာဥအဖြူကို မဖြစ်မနေစားပေးသင့်သည်။
- ✧ နှမ်းစေ့များက အပူငြိမ်းအေးစေသော အိမ်တွင်းဆေးဝါးတစ်မျိုးဖြစ်သည်။ နှမ်းစားပြီးနောက် ရေများများသောက်ပါ။ ထန်းလျက်ဖြင့် ယိုထိုးထားသော နှမ်းပျစ်၊ နှမ်းယိုများကလည်း အပူငြိမ်းအေးစေရန် အထောက်အပံ့ပေးနိုင်သည်။
- ✧ စမုံစပါးအစေ့များကို သောက်ရေခွက်ထဲ တစ်ညဉ့်သိပ်စိမ်ပါ။ နံနက်အိပ်ရာထ ရေသောက်ရင်း ယင်းအဖတ်များကိုပါ ကုန်အောင် ဝါးစားပေးပါ။ တစ်နေ့တာလုံး အပူငြိမ်းအေးစေနိုင်သည့်အပြင် ခံတွင်းရနံ့ကိုပါ ရှင်းသန့်စေသည်။
- ✧ အုန်းစိမ်းရည်သောက်ပါ။ အုန်းသီးစိမ်းနုနုမှရသော အုန်းစိမ်းရည်က ခန္ဓာကိုယ်တွင်းအပူငြိမ်းစေသော သဘာဝဆေးကောင်းတစ်လက်ဖြစ်သည်။ ကိုယ်တွင်းအပူဓာတ်များသူများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ မဖြစ်မနေမှီဝဲသင့်သည်။ ရေဓာတ်ခန်းခြောက်ခြင်းမှလည်း အထူးကာကွယ်ပေးနိုင်သည်။
- ✧ သလဲသီးနှင့် သလဲသီးဖျော်ရည်က ခန္ဓာကိုယ်ကို အေးမြစေပြီး ကိုယ်တွင်းအပူများကို သူ့အလိုလို စုပ်ယူပစ်နိုင်သည်။ ယခုလို ပူလွန်းသောကာလများတွင် သလဲသီးက နေ့စဉ်စားသုံးသင့်သော သီးနှံတစ်ခုဖြစ်သည်။
- ✧ ဘိန်းမုန့်၊ ဆနွင်းမကင်း စသည့်သရေစာမုန့်များတွင် အသုံးပြုလေ့ရှိသော ဘိန်းစေ့များက ကိုယ်ပူချိန်ကို ပုံမှန်ဖြစ်အောင် အထောက်အပံ့ပေးသည်။ ညအိပ်ရာဝင်ခါနီး ဘိန်းစေ့လက်တစ်ဆုပ်စာဝါးစားပြီး ရေသောက်အိပ်ပါက နှစ်ခြိုက်စွာအိပ်မောကျစေသည့်အပြင် နံနက်အိပ်ရာထလျှင် တစ်နေ့တာလုံး အပူငြိမ်းအေးစေသည်။
- ✧ ပဲနံ့သာပင်အစေ့ မှီဝဲပါ။ ရှေးရှေးမှစ၍ ယနေ့ထိတိုင် အိန္ဒိယနိုင်ငံတွင် အပူငြိမ်းဆေးတိုင်းရင်းကုထုံးဖြင့် ပဲနံ့သာပင်အစေ့များကို အသုံးပြုလျက်ရှိသည်။ (ပဲနံ့သာပင်အစေ့များကို အိန္ဒိယပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်)
- ✧ နွားနို့သောက်ပါ။ ကိုယ်တွင်းအပူငြိမ်းလိုသူများ ကျိုချက်ပြီးနွားနို့ကို အအေးခံ၍ နံနက်တိုင်းသောက်ပေးပါ သို့မဟုတ် နွားနို့ကို ပျားရည်အနည်းငယ်ခတ်၍ သောက်နိုင်သည်။ (ရေခဲဖြင့်အအေးခံထားသော နို့အေးကို မဆိုလိုပါ)
- ✧ သံပုရာရည်သောက်ပါ။ နံနက်အိပ်ရာထ သံပုရာရည်တစ်ခွက်သောက်ခြင်းကလည်း ကိုယ်တွင်းအပူငြိမ်းအေးစေရုံမျှမက အနေအထိုင်ပေါ့ပါးလန်းဆန်းလာပြီး တစ်နေ့တာလုံး သက်လုံကောင်းစေသည်။
- ✧ ဘူးသီး၊ သခွားမွှေး၊ ကြက်ဟင်းခါးသီး၊ ပန်းငရုတ်ပွ၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ နာနတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သဘော်သီး၊ ဒိန်ချဉ်၊ ထန်းရည်ချို၊ ဆီးသီး၊ ဆီးယို၊ ငှက်ပျောသီးမှည့်၊ စတော်ဘယ်ရီ၊ မုန်လာဥနီ၊ အစိမ်းရောင် ပဲသီးအမျိုးမျိုး၊ ကြက်သွန်နီ စသည်တို့ကလည်း ကိုယ်တွင်းအပူချိန်ကို လျှော့ချပေးနိုင်သည်။

**သတိရှိရန်**

နေပူပူထဲ အချိန်ကြာမြင့်စွာသွားလာပြီးနောက် ရေခဲရေများ၊ ရေနွေးပူ၊ စွပ်ပြုတ် စသည့်အရည်ပူပူများ၊ ငရုတ်သီး၊ ချင်း၊ မှုစ်ချဉ်၊ ငရုတ်ကောင်း၊ ပတဲကော စသည့်အပူအစပ်များစားသောက်ခြင်း၊ ရေ(အရည်)သောက်သုံးမှုပမာဏ လွန်စွာနည်းပါးခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်တွင်းအပူချိန် မြင့်တက်လာစေသည်။

အချုပ်အားဖြင့်ဆိုသော် ခန္ဓာကိုယ်တွင်း အပူလျော့စေရန်အတွက် အထက်ဖော်ပြပါ အစားအသောက်များကို ဦးစားပေး ရွေးချယ်စားသုံးရင်း အရောင်ဖျော့ဖျော့ ချည်သားအဝတ်အထည်ပွပွများကို ဝတ်ဆင်ရပါမည်။ မဖြစ်မနေ အိမ်ပြင်ထွက်သွားလာရပါက ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနိုင်သည့် UV ပါသည့် အရောင်ရင့်ရင့် ရောင်ပြန်ထီးဆောင်းရပါမည်။ သွားလေရာသို့ သောက်ရေဘူးတစ်ဘူးဆောင်ထားပြီး မကြာခဏရေသောက်ရပါမည်။ သနပ်ခါးရေကျဲလိမ်းပါ။ ရာသီဥတုအပူဒဏ်ကို တစ်ပိုင်တစ်နိုင်ကာကွယ်ရန်အတွက် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းမှာ သစ်ပင်စိုက်ပျိုးခြင်း ဖြစ်သည်။ သို့ပါ၍ လူတစ်ယောက် တစ်နှစ်လျှင် သစ်ပင်တစ်ပင်အနည်းဆုံးစိုက်သော အစဉ်အလာရှိသင့်ပြီး ကျောင်းနေအရွယ်ကလေးများလည်း ပါဝင်စိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

**“အယ်လ်နီညိုရာသီဥတုသည် ယခုနှစ်နွေရာသီတွင် စတင်ဖြစ်ပေါ်လာနိုင်ပြီး သမုဒ္ဒရာရေမျက်နှာပြင်များလည်း အပူချိန်မြင့်တက်လာဖွယ်ရှိကြောင်းနှင့် အယ်လ်နီညိုရာသီဥတုသည် နွေရာသီအတွင်း ဖြစ်ပေါ်လာပြီးပါက နှစ်ကုန်ပိုင်းအထိ ဖြစ်ပေါ်နိုင်သလို နှစ်ကုန်ပိုင်းတွင်လည်း ယင်းရာသီဥတုအခြေအနေမှာ ဆိုးရွားလာနိုင်ကြောင်း CCCS မှ သုတေသီများက သုတေသနရလဒ်နှင့်တကွ အခိုင်အမာပြောဆိုထား”**

# " Smart Farm Korea 2023 (SFKOREA) " သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များပါဝင်တက်ရောက်ရန် ဖိတ်ကြား

**နေပြည်တော် မေ ၂၄**

ကိုရီးယားသမ္မတနိုင်ငံ Changwong Convention Center (CECO)၌ ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်မှ ၁၇ ရက်အတွင်း ကျင်းပမည့် "Smart Farm Korea 2023 (SFKOREA)" သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပြခန်းဖွင့်လှစ်ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါ ပြပွဲကျင်းပခြင်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ Smart Farm Korea 2023(SFKOREA)ကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲသို့ ကုမ္ပဏီ စုစုပေါင်း ၁၀၀ ခန့်မှ ပြခန်းပေါင်း ၃၀၀ အားလာရောက်ပြသမည်ဖြစ်ပြီး ဧည့်သည် ၂၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ မြန်မာနိုင်ငံမှ ဝယ်ယူလိုသူများ၊ ဥပမာ – Smart Farming ကျွမ်းကျင်သူများ၊ ပါမောက္ခများ၊ ကုမ္ပဏီများနှင့် တီထွင်ဆန်းသစ်သည့် အတွေးအခေါ်များရှိသော ပုဂ္ဂိုလ်များကို ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်မည်ဆိုပါက အသွားအပြန် လေယာဉ်လက်မှတ်နှင့် နှစ်ရက်စာ တည်းခိုစရိတ်အတွက် ကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ တက်ရောက်လိုသူများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။



# တနင်္သာရီတိုင်းဒေသကြီး၌ ဒူးရင်းသီးများ ဈေးကောင်းရ

**တနင်္သာရီ မေ ၂၄**

မြန်မာနိုင်ငံတောင်ပိုင်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒူးရင်းသီးကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဒူးရင်းသီးကို ဇွန်လအစောပိုင်းတွင် စိုက်ပျိုးလျက်ရှိပြီး ရေရလျှင် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သည့် နှစ်ရှည်ခံသီးပင်ဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် ပန်းစပွင့်ပြီး မေလတွင် အသီးများကို ဆွတ်ခူးနိုင်ကြောင်း၊ အသီးများကောင်းမွန်စွာမှည့်မှသာ ဆွတ်ခူးရောင်းချရပြီး အပင်မှည့်ကြွေကျသီးက အရသာပိုမိုကောင်းမွန်ကြောင်း သိရသည်။

ဒူးရင်းသီးတွင် မြန်မာမျိုးနှင့် ထိုင်းမျိုးဟူ၍ နှစ်မျိုးရှိပြီး မြန်မာမျိုးက ချို၊ ဆိမ့်၊ ခါးအရသာ သုံးမျိုးလုံးနှင့် ပြည့်စုံသောကြောင့် မြန်မာမျိုးကိုသာ အများဆုံးဝယ်ယူစားသုံးကြသည်။ ဒူးရင်းသီးဈေးနှုန်းမှာ တောင်သူများအတွက် တွက်ခြေကိုက်သောကြောင့် ယခင်နှစ်ကထက် ယခုနှစ်ပို၍ စိုက်ပျိုးလာကြပြီး ဈေးကောင်းပိုရလျက်ရှိကြောင်း သိရသည်။

ယခုကာလသည် ဒူးရင်းသီးများ လှိုင်လှိုင်ပေါများနေပြီဖြစ်၍ ထားဝယ်တွင် ဖြစ်ပေါ်နေသောဈေးမှာ အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀ နှုန်းနှင့် အလုံးငယ်တစ်လုံးလျှင် ငွေကျပ် ၂၂၀၀ မှ ၂၀၀၀ နှုန်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

သတင်းအရင်းအမြစ်
စီးပွား/ကူးသန်း


# အဝင်များပြီး ဈေးမြင့်နေသည့် ပြည်ကြက်သွန်နီဈေးကွက်

**ပဲခူး မေ ၂၄**

ကြက်သွန်နီ အဓိကစိုက်ပျိုးရာ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်နေချိန်ဖြစ်သည့်အတွက် ပြည်ဈေးကွက်သို့ အဝင်များလျက်ရှိကြောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ အောင်လံ၊ တောင်တွင်းအစရှိသည့်နယ်များမှ ကြက်သွန်နီများ တစ်ပတ်လျှင် လေးရက်ခန့် အဝင်ရှိပြီး တစ်ပတ်လျှင် ပျမ်းမျှ ၂၅ ပိဿာဝင်အိတ် ၃၀၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း၊ ကြက်သွန်နီများကို ပြည်ဈေးကွက်မှတစ်ဆင့် ပန်းတောင်း(ဥဿျစ်ပင်)၊ ရေဝတီ၊ ကြံခင်း၊ မြန်အောင်နှင့် ရခိုင်ပြည်နယ် (တောင်ကုတ်)တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကြက်သွန်နီပွဲရုံ လက်ကားဈေး တစ်ပိဿာလျှင်(ကြီး/လတ်/သေး) ငွေကျပ်(၁၀၀၀/ ၁၁၅၀/၁၂၅၀)တို့ဖြစ်၍ လက်လီဈေးအနေဖြင့် ငွေကျပ်(၁၃၀၀/ ၁၄၀၀-၁၅၀၀/၁၆၀၀)တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

# ရော်ဘာဈေး အနည်းငယ်ကျဆင်း

**နေပြည်တော် မေ ၂၄**



ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထွက်ရှိမှု အနေဖြင့် စိုက်ပျိုးသည့်ဧရိယာ ၂၇၁၂၇၁ ဧက၊ အစေးလှီးဧရိယာ ၂၆၀၆၆၁ ဧက၊ အထွက်နှုန်း ၅၆၅ ဒသမ ၃၃ ပေါင်၊ တန်ချိန် ၁၂၆၀၄ ဒသမ ၂၄ တန်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရော်ဘာလက်ကျန် အခြေအနေမှာ တောင်သူ လက်ကျန် ၂၀၀ တန်ခန့်နှင့် ကုန်သည်အဝယ်ဒိုင် လက်ကျန် ၄၃၅ တန်ခန့် စုစုပေါင်း လက်ကျန် ၆၃၅ တန်ခန့်ရှိကြောင်းနှင့် ရော်ဘာဈေးနှုန်းမှာ(RSS-3) တစ်ပေါင် ပေါက်ဈေးသည် ယခင်အပတ်တွင် ငွေကျပ် ၁၃၈၀ ဖြစ်ပြီး ယခုတစ်ပတ်တွင် ငွေကျပ် ၁၃၄၀ ဖြစ်သဖြင့် ဈေးနှုန်းအနည်းငယ် ကျဆင်းသွားကြောင်း ရော်ဘာအဝယ်ဒိုင်များထံမှ သိရသည်။

ရော်ဘာဈေးကွက် အနေဖြင့် မော်လမြိုင်၊ ရေး၊ ထားဝယ်နှင့် ရန်ကုန်မြို့များသို့ ပြည်တွင်းဈေးကွက်အနေဖြင့် ရောင်းချကြောင်းနှင့် ကရင်ပြည်နယ်၊ မြဝတီနယ်စပ်မှ တစ်ဆင့် ထိုင်းနိုင်ငံ ဈေးကွက်သို့လည်း တင်ပို့ရောင်းချကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။

## ၂၄-၄-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၁၀၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၂၉၈၅၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၉၇၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၇၅၀၀ | ၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ | ၂၉၇၀၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၁၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၃၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၉၆၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၉၀၀ | ၁၃၅၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၉၈၃၀၀၀ |
| ၆ | ဘားအံ | ၂၃၀၀ | | ၁၀၅၀၀ | ၇၀၀၀ | ၁၃၅၀၀ | ၁၇၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၂၀၀ | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၉၇၇၀၀၀ |
| ၇ | မော်လမြိုင် | ၂၄၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၆၅၀၀၀ |
| ၈ | ထားဝယ် | ၂၉၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၇၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၇၀၀ | ၆၀၀ | ၆၄၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၂၉၅၈၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၆၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၁၈၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၉၀၀ | ၃၅၀၀ | ၇၅၀ | ၇၇၀၀ | ၅၅၀၀ | ၄၆၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၂၉၆၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၄၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၄၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၁၀၀၀ | ၁၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၅၅၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၂၈၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၈၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၂၉၇၀၀၀၀ |
| ၁၃ | ဟားခါး | ၃၉၀၀ | | ၁၆၅၀၀ | | ၂၀၀၀၀ | ၅၅၀၀ | ၆၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၉၀၀၀ | ၂၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | | ၁၂၅၀၀ | ၆၆၀၀ | ၁၉၀၀၀ | ၁၃၀၀ | ၅၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၄၀၀ | ၃၆၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၄၅၀ | ၁၆၀၀ | ၁၂၅၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၂၅၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၁၃၀၀ | ၆၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၅၀ | ၇၃၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၁၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၉၇၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၉၇၄၀၀၀ |
| ၁၈ | ပြည် | ၂၃၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၅၀၀၀ | ၁၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၉၈၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၄၈၀၀ | | ၂၂၀၀ | ၆၀၀ | ၆၅၀၀ | ၅၃၀၀ | ၃၅၀၀ | ၂၁၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၉၈၃၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၅၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၄၆၀၀ | ၄၈၀၀ | ၄၀၀၀ | ၃၃၀၀ | ၅၀၀ | ၇၂၀၀ | ၆၂၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၈၉၀၀၀ |
| ၂၁ | နေပြည်တော် | ၂၅၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၈၉၀၀၀ |
| ၂၂ | ကလေး | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၀၇၀၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် စစ်တွေတွင် ၁၀၀ ကျပ်၊ မုံရွာတွင် ၂၀၀ ကျပ်၊ ကလေးတွင် ၄၀၀ ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ၄၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံနှင့် စစ်တွေတွင် ၅၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပခုက္ကူတွင် ၁၀၀ ကျပ်၊ မြိတ်တွင် ၂၀၀ ကျပ်၊ ကြက်သွန်ဖြူ (ကြူကုတ်စ) တစ်ပိဿာလျှင် လားရှိုးနှင့် ကျိုင်းတုံတွင် ၅၀၀ ကျပ်၊ မြိတ်တွင် ၃၀၀ ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မုံရွာတွင် ၈၀၀ ကျပ်၊ ပခုက္ကူတွင် ၅၀၀ ကျပ်၊ ချင်း တစ်ပိဿာလျှင် ကလေးတွင် ၁၅၀၀ ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀ ကျပ်၊ တောင်ကြီးတွင် ၃၀၀ ကျပ်၊ ပုသိမ်တွင် ၂၀၀ ကျပ်၊ သကြား တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀၀ ကျပ်၊ ဝက်သား တစ်ပိဿာလျှင် မုံရွာတွင် ၄၀၀၀ ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်နှင့် ကလေးတွင် ၁၀၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၈၀၀ ကျပ်၊ တောင်ကြီး၊ မုံရွာ၊ မန္တလေးနှင့်ပဲခူးတွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၄၀၀ကျပ်၊ ပြည်နှင့်ကလေးတွင် ၂၀၀ကျပ်၊ ကြက်သားတစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# စိန်တစ်လုံးသရက်သီးများ တရုတ်ပြည်ဈေးကွက်တင်ပို့ရာတွင် ဈေးကောင်းရရှိနေ



**မန္တလေး မေ ၂၄**

ယခုနှစ်ထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား စိန်တစ်လုံးသရက်သီးများ တရုတ်ပြည်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

"တရုတ်ပြည်ဈေးကွက်ကို စပြီးတင်ပို့ရောင်းချနေကြပါတယ်။ ဈေးနှုန်းကောင်းများရရှိနေပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတော့ရှိပါတယ်။ ဒီနှစ်က အရည်အသွေးကောင်း သရက်သီးသာ ဈေးကောင်းရနိုင်တာပါ။ တချို့က ဈေးကောင်းရပြီဆိုပြီး အရည်အသွေးမပြည့်မီဘဲ ခူးရောင်းလိုက်ကြတာကြောင့် ကျန်တဲ့တောင်သူတွေ နစ်နာကြပါတယ်။ ဒါတွေကလည်း နှစ်တိုင်းကြုံတွေ့နေရပါတယ်။ တောင်သူအချင်းချင်း နားလည်မှုရှိဖို့လိုပါတယ်။ ဒီနှစ်မှာတော့ သရက်တောင်သူတွေ၊ ပွဲစားတွေ အနေနဲ့ ဒါကိုဂရုစိုက်လိုက်မယ်ဆိုရင် ဈေးကွက်အနေအထားပိုကောင်းလာမှာပါ။ ခုလောလောဆယ်မှာတော့ တင်ပို့ရောင်းချနေတာဆိုရင် တစ်ရက်ကို ၁၂ဘီးကားနဲ့ လေးစီး၊ ငါးစီးလောက်ပုံမှန်သွားရောက်နေပါတယ်။ တရုတ်ဈေးကွက် အလားအလာကတော့ ဖွင့်လိုက်တဲ့အတွက် ဈေးကောင်းရကြမှာပါ။ သရက်သီးက လှိုင်လှိုင်မထွက်သေးပါဘူး။ အလှိုင်ဆုံးဖြစ်မှာကတော့ ဧပြီလကုန် မေလဆန်းကစပြီးကောင်းမှာပါ။ စပေါ်ပေါ်ချင်းကို ဈေးကောင်းရရှိနေပါတယ်။ အရည်အသွေးကောင်း သရက်သီးတွေဟာ ၁၆ ကီလိုဂရမ်တစ်ခြင်းကို ယွမ် ၁၅၀ နီးပါး ရတယ်။ မြန်မာငွေနဲ့ဆိုရင် ငွေကျပ် ၄၀၀၀၀ ကျော်ရနေပါတယ်။ အရည်အသွေးပေါ်မူတည်ပြီး ဈေးကတော့ ကွာခြားတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် တရုတ်ပြည်ဈေးကွက်သို့ စမ်းသပ်ကာလအနေဖြင့် တင်ပို့ရောင်းချနေခြင်းများရှိကြောင်း၊ ယခုနှစ်တွင် တရုတ်ပြည်ကုန်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်လိုက်သည့်အတွက် ပေါ်ဦးပေါ်ဖျား စိန်တစ်လုံးသရက်သီးများကို တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း၊ ယခုနှစ်သရက်ရာသီတွင် ရောင်းချရသည့် ဈေးနှုန်းသည် အရည်အသွေးကောင်း သရက်သီးအနေဖြင့် ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင်(၄၈-၅၀ပါ)တရုတ်ယွမ် ၁၅၀ နီးပါး (ငွေကျပ် ၄၀၀၀၀ ကျော်)ဈေးနှုန်းရရှိပြီး အရည်အသွေးနိမ့် သရက်များအနေဖြင့် ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင်(၅၀-၆၀ပါ)တရုတ်ယွမ် ၁၀၀ ကျော်(ငွေကျပ် ၂၀၀၀၀ကျော်) ဈေးနှုန်းတို့ဖြင့် ရောင်းချနေရသည့်အတွက် ဈေးကောင်းရရှိနေသည်။

ယခုနှစ်သရက်ရာသီတွင် တရုတ်ဈေးကွက်သည် ဈေးကောင်းရရှိရန် အလားအလာများရှိနေကြောင်း၊ လက်ရှိပေါ်ဦးပေါ်ဖျား စိန်တစ်လုံးသရက်သီးများမှာ ဈေးကောင်းများရရှိနေကြောင်း၊ တင်ပို့ရောင်းချနေသည့် စိန်တစ်လုံးအပြင် မယ်သီ၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်နှင့် ရင်ကွဲသီးတို့ကိုပါ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်သရက်ရာသီတွင် ရာသီဥတုကြောင့် အသီးအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိနေကြောင်း သိရသည်။

**မောင်အေးချမ်း**

# ကဆန်ထီ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူး

**မြစ်ကြီးနား မေ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာရှိ ကဆန်ထီ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နန္နင်းနှင့် ချဉ်စော်ကားသီးများကို အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**စနစ်တကျထုပ်ပိုးရောင်းချ**

နန္နင်းကို ရှဒေါင်ကျေးရွာရှိ စိုက်ပျိုးသူများထံမှ ဝယ်ယူပြီး ဆိုးဆေးမပါ ပိုးမွှားသန့်စင်စေရန် Solar Dryer ပြုလုပ်၍ အခြောက်ခံပြီး ရရှိသည့်နန္နင်းများကို အမှုန့်ကြိတ်ရာတွင် နန္နင်းပိဿာချိန် ၁၀၀၀ လျှင် နန္နင်းမှုန့်ပိဿာချိန် ၄၀၀ မှ ၅၀၀ ကြားထွက်ရှိကာ ဖေဖော်ဝါရီလမှ ယခုလအထိ နန္နင်းပိဿာချိန် ၃၀၀၀ မှ ၅၀၀၀ ကြား ထုတ်လုပ်နိုင်ပြီး ၁၀၀ ဂရမ်ဘူးများ စနစ်တကျထုပ်ပိုးကာ ရောင်းချလျက်ရှိသည်။

ထို့ပြင် ချဉ်စော်ကားသီးများကို ဝိုင်းမော်မြို့နယ် ဆဒုံးနှင့် ဗန်းမော်မြို့နယ်များမှဝယ်ယူပြီး တစ် ကီလိုဂရမ်တွင် ၈၀ ဂရမ်ပါ ယိုဘူး/ယိုထုပ် ၂၀ ခန့်နှင့် ၃၀၀ ကီလိုဂရမ်တွင် ၈၀ ဂရမ်ပါ ယိုဘူး/ယိုထုပ် ၆၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များ တွဲဖက်ဖွင့်လှစ်မည့် အခြေအနေများ ရှင်းလင်းဆွေးနွေး



**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် စတင်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(စိုက်မွေး)၌ ဖွင့်လှစ်သင်ကြားပေးမည့် စက်မှုနည်းပညာဘာသာရပ်များ၊ သင်ကြားမှုအစီအစဉ်များ၊ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များနှင့် GTHS အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာငွေးသွင်က ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသော သင်တန်းအမျိုးအစားများ၊ ကာလတိုသင်တန်း၊ ကာလရှည်သင်တန်းများ၊ စက်မှုစိုက်ပျိုး၊ မွေးမြူရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ လက်ခံသင်ကြားနိုင်မည့် ကျောင်းသားဦးရေများ၊ သင်ကြားပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယခု ဖွင့်လှစ်သင်ကြားမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် အဆောက်အအုံ နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းနှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်း နည်းပညာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အခြေခံပညာ အလယ်တန်းအဆင့်အောင်မြင်သူများအတွက်လည်း တက်ရောက်နိုင်သော သင်တန်းများစွာရှိကြောင်း သိရသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(စိုက်မွေး) ကျောင်းသို့ သွားရောက် ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပူနွေး ကမ္ဘာ တားဆီးရာ မြေရှာ တစ်ခု တောပြုစု

# အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် နေပြည်တော်၊ မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြမည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူများ၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ရုံတင်ပြသခဲ့သော ဇာတ်ကားများ၏ ထုတ်လုပ်သူများနှင့် သက်ဆိုင်သူများ၊ အခမ်းအနားတက်ရောက်လိုသည့် အလွှာအသီးသီးမှ ပုဂ္ဂိုလ်များအနေဖြင့် အခမ်းအနားဖိတ်စာများကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ကိုယ်တိုင်လာရောက်ထုတ်ယူကြရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**


## ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ဗိုလ်ကုန်းအရှေ့၊ မြေကွက်အမှတ်-၈၇၊ ၈၆၊ ဦးပိုင်အမှတ်-၁၆၊ ၇၅၊ ဧရိယာ(၀.၂၂၀)ဧကရှိနှစ်(၃၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တောင်ကြီးမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်နှင့် ကလောမြို့ မြို့မြေစာရင်းတွင် ဦးစိုးမောင်(၁၂/ဗဟန(နိုင်)၀၃၉၆၀၁) မှအမည်ပေါက်ပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်သာသာစံနိုင်(၉/ပဘန(နိုင်)၁၂၈၄၉၁)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားငုတ္တို(မြောက်)ကျေးရွာအုပ်စု၊ ကံဘဲ့ရိုးကွင်း၊ ကွင်းအမည်-ကံဘဲ့ရိုးကွင်း၊ ဦးပိုင်အမှတ်(၄/၅၊ ၄/၆၊ ၇/၅၊ ၁/၁၁၊ ၄/၁၃)၊ဧရိယာ(၂၅.၅၄)ဧကရှိ လယ်ယာမြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့မြေစာရင်းတွင် (၁)ဦးကျော်မြင့် (၁၂/တတန(နိုင်)၁၀၀၅၀၅)၊ (၂)ဒေါ်ကျင်ရွှေ (၁၂/တတန(နိုင်)၀၄၃၃၆၀)၊ (၃)ကိုအာကာမင်း (၁၂/တတန(နိုင်)၂၁၁၂၈၀)တို့မှ အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆


**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

❖ FIFA-MFF U15 မှ

ရန်ကုန်တိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့်အသင်း အရွေးအတွက်များပြားနေသဖြင့် အသင်းငါးသင်းကို ခြေစစ်ပွဲကျင်းပပေးခြင်းဖြစ်ပြီး မေ ၂၄ ရက်မှ မေ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲပထမနေ့တွင် တောင်ဇလပ်မြေအသင်းက ရွှေပြည်သာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရန်ကုန်လူငယ် (အား/ကာ) အသင်းက Prestige FC အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွက် ကျင်းပသည့် ခြေစစ်ပွဲတွင် Royal Yangon အသင်း၊ တောင်ဇလပ်မြေအသင်း၊ Prestige အသင်း၊ ရန်ကုန်လူငယ် (အား/ကာ)နှင့် ရွှေပြည်သာအသင်းတို့ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် သုံးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ ဒုတိယနေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၇ နာရီခွဲတွင် တောင်ဇလပ်မြေအသင်းနှင့် Prestige အသင်း၊ ညနေ ၄ နာရီတွင် Royal Yangon အသင်းနှင့် ရွှေပြည်သာအသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကျင်းပမည်**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်မျိုးဆက်သစ်များ ဘောလုံးလုပ်ငန်းများတွင် ပါဝင်လာရေး၊ ပြည်တွင်းလူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး၊ မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာရေး၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့က ကျင်းပသည့် လူငယ်ပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများ အောင်မြင်မှုရရှိရေးအတွက်ရည်ရွယ်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လမ်းညွှန်ချက်များအတိုင်း အသက် ၁၅ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ( FIFA-MFF U15 Youth League 2023) အား ယခုနှစ် မေလတွင် အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ခွဲ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်ဇုန်( မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီးမှ နှစ်သင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်သင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်သင်း၊ နေပြည်တော်ကောင်စီမှ တစ်သင်း၊ ရှမ်းပြည်နယ်မှ သုံးသင်း၊ ချင်းပြည်နယ်မှ တစ်သင်း၊ ကယားပြည်နယ်မှ တစ်သင်း၊ ကချင်ပြည်နယ်မှ တစ်သင်း၊ အောက်မြန်မာပြည်ဇုန် (ရန်ကုန်)တွင် ရန်ကုန်တိုင်းဒေသကြီးမှ သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်သင်း၊ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်)မှ နှစ်သင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်သင်း၊ မွန်ပြည်နယ်မှ နှစ်သင်း၊ ရခိုင်ပြည်နယ်မှတစ်သင်း၊ ကရင်ပြည်နယ်မှ တစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြိုင်ပွဲဝင်လိုသည့် အသင်းအရေအတွက် သတ်မှတ်ထားသည်ထက် ပိုမိုနေပါက ခြေစစ်ပွဲကစားစေမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းသာ အသင်းအရေအတွက် ငါးသင်းရှိနေသဖြင့် ခြေစစ်ပွဲကစားစေခြင်းဖြစ်သည်။

ကိုညီလေး

ဓာတ်ပုံ-MFF

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်(၃)ခု၌ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်အတွင်း ကုန်းမြင့်လယ်မြေ (၂၉၈)ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာများတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည် -

| | | |
|---|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - | ၂၅-၄-၂၀၂၃ |
| တင်ဒါနောက်ဆုံး တင်သွင်းမည့်ရက် | - | ၉-၅-၂၀၂၃ |
| တင်ဒါပုံစံပေးပို့ရမည့်နေရာ | - | အမှတ်(၃)ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ဟားခါးမြို့ |
| ဆက်သွယ်ရန် ဖုန်းနံပါတ် | - | ၀၇၀-၂၁၆၃၇၊ ၀၉-၂၄၅၁၀၅၈ |

**တင်ဒါကော်မတီ**

# MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၂၃ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ကို မေ ၂၄ ရက်က စတင်ကျင်းပရာ Junior Lions အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ အနိုင်ရရှိခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းကို ပွဲအတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး အဖွင့်ပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသင်းသစ်ဖြစ်သည့် သစ္စာအားမာန်အသင်းသည် ဦးဆောင်ဂိုးကို မထိန်းနိုင်သဖြင့် အဖွင့်ပွဲတွင် ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

၆၃ မိနစ်တွင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း မိနစ် ၈၀ တွင် ပြည့်စုံအောင်က Junior Lions အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးကိုမူ ၈၄ မိနစ်တွင် ပြည့်စုံအောင်ကပင် သွင်းယူခဲ့သည်။



ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ငွေကြယ်ပွင့်အသင်းက ရက္ခပူရယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ငွေကြယ်ပွင့်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၂၆ မိနစ်တွင် ဥက္ကာစိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ မောရဝတီအသင်းနှင့် Port အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် Golden Grit အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

ဓာတ်ပုံ-MNL

✽ ကျောဖုံးမှ

ဆန့်ချို့နဲ့ ဆာလစ်ဇာနေရာကို ရက်ရှိဖွိုဒ်နဲ့ ဘရူနိုဖာနန်ဒက်စ် ကို အသုံးပြုကာ မက်ကွိုင်းယားရဲ့ နေရာကို လုခ်ရှောကို အသုံးပြုခဲ့တာဖြစ်ပါတယ်။

**ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိဖို့ မျှော်မှန်းနိုင်**

မန်ယူအသင်းဟာ ယခုဘောလုံးရာသီမှာ ကာရာဘောင်ဖလားကို ရရှိထားပြီဖြစ်လို့ ခြောက်နှစ်ကြာဆုဖလားလက်မဲ့ဖြစ်ခဲ့မှုကိုလည်း အဆုံးသတ်ထားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း လက်ရှိအချိန်မှာ အဆင့်(၄)စာရင်းဝင်ထားတာကြောင့် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိဖို့ မျှော်မှန်းနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်ရောက်ခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲမှာ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပြီး အဲဒီနောက်ဆုံး ဗိုလ်လုပွဲကို ဇွန် ၃၀ ရက်မှာ ဝင်ဘာလေကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ငွေကြယ်

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃ / ၂၀၂၃-၂၀၂၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-062(23-24)CAP | Seismic Interpretation and Processing Workstation & X-Teminal (3) Items | Ks |
| (၂) | DMP/L-063(23-24)CAP | Seismic Acquisition Instruments & Accessories (3) Items | Ks |
| (၃) | DMP/L-064(23-24)CAP | Assorted Sizes of Ball Valve and Pipe Fitting (2) Groups | Ks |
| (၄) | DMP/L-065(23-24)CAP | Heat Shrinkable Sleeve and Closure Patches (7) Items | Ks |
| (၅) | DMP/L-066(23-24)CAP | Welding Electrode (4) Items | Ks |
| (၆) | DMP/L-067(23-24)CAP | Shale Shaker Unit, Desilter Unit, Degaser Unit and Desander Unit (4) Items | Ks |
| (၇) | DMP/L-068(23-24)CAP | Skid Mounted Crude Transfer Pump with Motor (4) Items | Ks |
| (၈) | DMP/L-069(23-24)CAP | Skid Mounted Water Transfer Pump with Engine (7) Items | Ks |
| (၉) | DMP/L-070(23-24)CAP | Skid Mounted Water Transfer Pump with Motor (3) Items | Ks |
| (၁၀) | DMP/L-071(23-24)CAP | Spare Parts for L-Type Compressor (1) Lot | Ks |
| (၁၁) | DMP/L-072(23-24)CAP | Spare Parts for ZW-Type Compressor (1) Lot | Ks |
| (၁၂) | DMP/L-073(23-24)CAP | Spare Parts for Safe Compressor (1) Lot | Ks |
| (၁၃) | DMP/L-074(23-24)CAP | Spare Parts for Kwangshin Compressor (1) Lot | Ks |
| (၁၄) | DMP/L-075(23-24)CAP | Spare Parts for Aspro Compressor (1) Lot | Ks |
| (၁၅) | DMP/L-076(23-24)CAP | Spare Patrs for IMW Compressor (1) Lot | Ks |
| (၁၆) | DMP/L-077(23-24)CAP | Spare Parts for L-Type and ZW-Type Dispenser (1) Lot | Ks |
| (၁၇) | DMP/L-078(23-24)CAP | Spare Parts for Aspro, Kwangshin & Enric Dispenser (1)Lot | Ks |
| (၁၈) | DMP/L-079(23-24)CAP | Spare for Electrical Parts (Aspro Compressor) (1) Lot | Ks |
| (၁၉) | DMP/L-080(23-24)CAP | Spare for Electrical Parts (Safe Compressor) (1) Lot | Ks |
| (၂၀) | DMP/L-081(23-24)CAP | Spare for Electrical Parts (L-Type & ZW-Type Compressor (1) Lot | Ks |
| (၂၁) | DMP/L-082(23-24)CAP | Spare Parts for Generator (1) Lot | Ks |
| (၂၂) | DMP/L-083(23-24)CAP | Foam Fire Fighting System for Crude Tank (4) Nos | Ks |
| (၂၃) | DMP/L-084(23-24)CAP | Skid Mounted Crude Transfer Pump with Engine (5) Items | Ks |
| (၂၄) | DMP/L-085(23-24)CAP | Raw Materials for Repairing of MTB-IV (3) Groups | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၄-၄-၂၀၂၃ ရက်**နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၉-၅-၂၀၂၃ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ **ရုံးအမှတ်(၄၄)** နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၇၉/ဘီ)၊ ပထမထပ်၊ အခန်းအမှတ် (ဘီ-၂)၊ (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း ( ၁၆'x ၆၅')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဖြူ [၁၂/တမန(နိုင်)၀၇၂၃၅၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ထာဝရလမ်းသွယ်-၁လမ်း၊ အမှတ်-ကည(၇) ဟုခေါ်တွင်သော ဦးရဲပိုင်အောင် အမည်ပေါက် အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ မောင်သက်မင်းခိုင်[၁၂/ဥကမ(နိုင်)၁၇၁၅၅၁] ထံမှ ကျွန်ုပ်မိတ်ဆွေ မလွဲ့လွဲ့နွယ်[၁၂/ကမရ(နိုင်)၀၅၅၉၁၂]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသိမ့်သိမ့်ဇော်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၅၄၇)**
**ကည-၁၉၊ စိတ္တသုခလမ်း၊ တိုးချဲ့-၄ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၅၂၆၇၃**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## မှော်ဘီခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၃-၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မှော်ဘီခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ**(Open Tender)**တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် နေ့ရက်/နေရာ | - | ၂၈-၄-၂၀၂၃ (သောကြာနေ့) |
| | | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မှော်ဘီခရိုင် |
| ၃။ | တင်ဒါလျှောက်လွှာ ပိတ်သည့်ရက် | - | ၁၂-၅-၂၀၂၃ |
| ၄။ | တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - | ၁၅-၅-၂၀၂၃၊ နံနက် (၁၀:၀၀)နာရီ |
| | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မှော်ဘီခရိုင် |

**၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့။ ဖုန်း-၀၉-၈၉၄၇၂၉၃၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**တင်ဒါစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်အမှတ် (A.3.1)၊ ဆဋ္ဌမထပ်၊ အခန်းအမှတ် (၆၀၁-A)၊ ( ၁၈၂၅ ) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူအမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖေအောင် [၉/မရမ(နိုင်)၀၄၉၈၀၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂F)၊ မြေကွက်အမှတ် (V ၁၆၄)၊ ဧရိယာ (၃၀ပေx၅၀ပေ)၊ (၁၅၀၀) စတုရန်းပေရှိ နှစ် (၉၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ်-၂၆ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်တိုက်၏ မြေညီထပ် ဟောင်ကောင် (၂) လွှာ (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅ပေx၅၀ပေ) ရှိ တိုက်ခန်း (၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသော ဒေါ်မြင့်မြင့်အေး [၁၂/ကမတ(နိုင်)၀၆၉၂၃၉]၊ ဦးစိုးဝင်း [၁၂/မဂတ(နိုင်)၀၇၇၅၂၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်တိုက်ခန်း (၁)ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်တိုက်ခန်း (၁)ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ဒေါ်မေပုလဲ[၉/မကန(နိုင်)၀၀၅၇၉၃] (ယခုနေရပ်လိပ်စာမသိသူ)နှင့် သားဖြစ်သူ ဘိုသူနိုင် [၉/မကန(နိုင်)၁၃၃၀၀၂] (ယခုနေရပ်လိပ်စာမသိသူ)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၂၇/ဒီ)၊ (၁/ဘီ)တွင် နေထိုင်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းနိုင်ဦး[၉/မကန(နိုင်) ၁၀၅၃၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဟိန်းနိုင်ဦး၏ NAING FAMILY (Mgk) Gems and Jewellery ဆိုင်မှ ဒေါ်မေပုလဲက ၎င်း၏သားဖြစ်သူ ကိုဘိုသူနိုင်နှင့်အတူ ပွဲစားအဖြစ် ရောင်းချရန်ရယူသွားသော ပတ္တမြားနှင့်စိန်ပါနားကပ်တစ်ရံ၊ ပတ္တမြားနှင့်စိန်ပါလက်စွပ်တစ်ကွင်း၊ နီလာဆွဲကြိုးတစ်ကုံးတို့ကို ရောင်းချပြီးနောက် (၃၁-၁၀-၂၀၂၂)ရက်တွင် ရောင်းချရသောငွေကြေးများကို လာရော က်ပေးအပ်မည်ဟုကတိပြုထားသော်လည်း ယနေ့ထိ ၎င်းငွေကြေးများကို လာရောက်ပေးအပ်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ ငွေအကျေလာရောက်ပေးအပ်ပါရန်နှင့် ထိုသို့ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းနိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၁၈၆၃၁၈**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## သန်လျင်ခရိုင်
## (၁/၂၀၂၃-၂၄)အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်မြို့နယ်များမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၂၈-၄-၂၀၂၃) (သောကြာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - | (၁၂-၅-၂၀၂၃) (သောကြာနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | - | ညနေ(၄:၀၀)နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်ရက် | - | (၁၅-၅-၂၀၂၃)၊ (တနင်္လာနေ့) |
| (င) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်အချိန်/နေရာ | - | (၁၀)နာရီ၊ သန်လျင်ခရိုင်ရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်မြို့။ ဖုန်း-၀၅၆-၂၁၀၅၆ |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်၊ သန်လျင်မြို့တွင်(၂၈-၄-၂၀၂၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

## တင်ဒါဖွင့်လှစ်မည့်ရက်အားကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/ တံတား/ အဆောက်အဦ လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ (လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်) ကို အိတ်ဖွင့်တင်ဒါ (၁/၂၀၂၃-၂၀၂၄)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၂၈.၄.၂၀၂၃)ရက်နေ့မှ (၁၄.၅.၂၀၂၃) ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန် | - (၁၅.၅.၂၀၂၃)ရက်၊ တနင်္လာနေ့ နံနက်(၁၀:၀၀)နာရီ |
| ၄။ | တင်ဒါစိစစ်ရွေးချယ်မည့် နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့ |

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်တွင် ဤကြေညာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း - ၀၁-၃၆၄၀၅၁၆၊ ၀၁-၃၆၄၀၁၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စံပါယ်လမ်း၊ မြေတိုင်းရပ်ကွက်(၄၇)၊ မြေကွက်အမှတ်(၆၀၄/က)၊ အကျယ်အဝန်း(အလျား ၆၀ ပေ x အနံ ၂၀ ပေ) ရှိ ဒေါ်စုမြတ်ထွေး [၁၂/လမန(နိုင်)၀၀၅၅၀၆] အမည်ပေါက် (ပါမစ်) မြေကွက်ကို ဦးအောင်ခိုင်ဖြိုး [၁၂/ရပသ(နိုင်)၀၆၆၄၃၅]မှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်မြင့်ကျော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၀)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၆၃၉၃၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စံပါယ်လမ်း၊ မြေတိုင်းရပ်ကွက်(၄၇)၊ မြေကွက်အမှတ်(၆၀၃/ခ)၊ အကျယ်အဝန်း(အလျား ၆၀ ပေ x အနံ ၂၀ ပေ)ရှိ ဦးခင်မောင်ထူး (DNU- ၀၂၂၉၁၇) အမည်ပေါက် (စလစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဒေါ်လှိုင်ဇာရည်ဖုန်း [၁၄/ဟသတ(နိုင်)၂၂၂၃၃၅]မှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့် နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်မြင့်ကျော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၀)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၆၃၉၃၂၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်...

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်...

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ်...

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ဘရိုက်တန်ကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး မန်ယူအသင်း အက်ဖ်အေဖလားဗိုလ်လုပွဲ တက်လှမ်း


မေ ၂၃ ရက်ညပိုင်းက ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘရိုက်တန်အသင်းနဲ့ မန်ယူအသင်းတို့ရဲ့ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ မန်ယူအသင်းက ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

**ပင်နယ်တီအဆုံးအဖြတ်**

အဲဒီပွဲစဉ်မှာ နှစ်သင်းစလုံးဟာ သာမန်ပွဲကစားချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်အထိ ရောက်ရှိခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာတော့ မန်ယူအသင်းက ခုနစ်ဂိုး-ခြောက်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်ဟာ ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ယူရိုပါလိဂ်ပွဲထွက် ကစားသမားစာရင်းကို သုံးဦးအထိ အပြောင်းအလဲလုပ်ခဲ့ပြီး

စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ✳



မန်ယူအသင်းနှင့် ဘရိုက်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**



**နွေနေပူမှာ အပူငြိမ်းစာ စားပေးပါ**

ဆောင်းပါး စာမျက်နှာ » ၁၉

---

**စိန်တစ်လုံးသရက်သီးများ တရုတ်ပြည်ဈေးကွက် တင်ပို့ရာတွင် ဈေးကောင်းရရှိနေ**

စာမျက်နှာ » ၂၁




တောင်ဇလပ်မြေအသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## FIFA-MFF U15 Youth League 2023 အောက်မြန်မာပြည်ဇုန် (ရန်ကုန်တိုင်းဒေသကြီး) ခြေစစ်ပွဲ ပထမနေ့ စတင်ကျင်းပ

ရန်ကုန် မေ ၂၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် FIFA–MFF U15 Youth League 2023 အောက်မြန်မာပြည်ဇုန် (ရန်ကုန်တိုင်းဒေသကြီး)အတွက် ခြေစစ်ပွဲပထမနေ့ကို မေ ၂၄ ရက်တွင် အမျိုးသားအကယ်ဒမီ (ရန်ကုန်) လေ့ကျင့်ရေးကွင်း၌ စတင်ကျင်းပရာ တောင်ဇလပ်မြေအသင်းနှင့် ရန်ကုန်လူငယ်(အား/ကာ)အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မေ ၂၄

| | |
|---|---|
| ချောက် | ၄၄ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၃ ဒီဂရီစင်တီဂရိတ် |